မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၂၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရခိုင်ပြည်နယ်အတွင်း ကြည့်ရှုစစ်ဆေး ကျောင်းသုံးပလာစာအုပ်၊ ဆေးဝါးပစ္စည်းနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မိသားစုဝင်ငွေတိုးရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး တိုးတက်လုပ်ကိုင် စွန့်ပစ်ပစ္စည်းမှရသည့် ဇီဝစွမ်းအင်ဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်နိုင်ရုံသာမက လျှပ်စစ်မီးပါ ထုတ်လုပ်ပေးနိုင်သဖြင့် လူနေမှုအဆင့်မြင့်မားရေး ကြိုးစား ထွက်ရှိလာသောဇီဝရည်ဖြင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြရန်မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာ တောင်သူဦးမောင်မဲ၏ နေအိမ်၌ သဘာဝစွန့်ပစ်ပစ္စည်းသုံး၍ ဇီဝဓာတ်ငွေ့ဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်)

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်နေ ဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူလက်တွဲဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ဇန်နဝါရီ ၂၄ရက်ကတွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရှေးပဝေသဏီကပင် ရခိုင်၊ ဗမာ၊ ပျူ၊ ကမ်းယံ၊ သက် စသည့် တိုင်းရင်းသားများ ပေါင်းစည်းနေထိုင်လာခဲ့ကြခြင်း ဖြစ်သည်။

ရေခြားမြေခြားဖြစ်နေသည့် ရခိုင်ပြည်နယ်ကို ပြည်တွင်းနှင့် အလွယ်တကူ ကူးသန်းဆက်သွယ်သွားလာနိုင်ရေးအတွက် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းကို ခက်ခက်ခဲခဲ ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ရခိုင်ပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း ဆက်သွယ်သွားလာနိုင်ရန်နှင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် ဆက်သွယ်သွားလာနိုင်ရန် ရန်ကုန်-ကျောက်ဖြူလမ်းကိုလည်း ဖောက်လုပ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် မည်သို့ပင် အခက်အခဲရှိစေကာမူ စီးပွားရေးတွက်ခြေကိုက်မှုကိုမကြည့်ဘဲ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံရေး အဆင်ပြေရန် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ယခုအခါ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြားမြို့များမှစ၍ အမ်းမြို့အထိ မီးရထားလမ်းဖောက်လုပ်ရန် စီစဉ်ထားပြီး အမ်းမြို့မှသည် ဧရာဝတီအနောက်ဘက်ခြမ်းရှိ မီးရထားလမ်းနှင့် ဆက်သွယ်ဖောက်လုပ်သွားမည် ဖြစ်သည်။

ရခိုင်ပြည်နယ်၏ အဓိကလိုအပ်ချက်သည် ဆက်သွယ်ရေး၊ လမ်းနှင့် လျှပ်စစ်မီးဖြစ်ရာ လျှပ်စစ်မီးအတွက် သူ့ဌေးချောင်းရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိပြီး ကီလိုဝပ်နာရီသန်းပေါင်း ၄၁၇သန်း ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် လျှပ်စစ်မီးရရှိနိုင်စေရန် စိုင်တင်ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်မည် ဖြစ်သည်။ ယခင်က နွေရာသီတွင် ရေအခက်အခဲကြောင့် မဆောက်လုပ်နိုင်သော်လည်း ယခုအခါ စိုင်တင်ချောင်းကို ရေစုကန်တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းဖြစ်သော ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေး သရုပ်ပြပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီက ဒုတိယတိုင်းမှူးနှင့်အတူ လားရှိုးမြို့ နန်းဟောဝန်ပန်းဥယျာဉ် ရေဂါလန် တစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ရေးစီမံကိန်း၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၏ သောက်သုံးရေ ဖြန့်ဝေပေးမည့် အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ပန်းဥယျာဉ်အတွင်း တည်ဆောက်ထားရှိသော ရေတွန်းစက်ရုံ၌ ရေတွန်းစက်နှစ်လုံး တပ်ဆင်လည်ပတ်၍ ရေဂါလန်တစ်သိန်းဆံ့ ရေစုကန်အတွင်း ရေတင်ပို့ရောက်ရှိမှုနှင့် ပန်းဥယျာဉ် ကလေးကစားကွင်းပြုပြင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟူးမွန်ကျေးရွာရှိ ပေါင်းစည်းလယ်ယာစိုက်ကွင်း စိုက်ပျိုးရေးသရုပ်ပြပွဲသို့ တက်ရောက်၍ အိမ်မွေးတိရစ္ဆာန် စွန့်ပစ်အညစ်အကြေးများကို အသုံးပြု၍ ပေါင်းစည်းလယ်ယာ(Integrated Farm) စိုက်ပျိုးရေးစနစ်ဖြင့် မိသားစုဝင်ငွေတိုးပွားစေရေးနှင့် ၂၄ နာရီပတ်လုံး အိမ်သုံးမီးရရှိစေရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်နေမှု အခြေအနေများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အိမ်ခြံဝင်းအတွင်း ငါး၊ အသားတိုးဝက်၊ ဥစားကြက်များကို တစ်ပိုင်တစ်နိုင်မွေးမြူ၍ အိမ်မွေးတိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများကိုအသုံးပြုကာ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုနှင့် ဓာတ်ငွေ့လောင်စာထုတ်လုပ်အသုံးပြုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၇)
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၇)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၀)

အမှတ်(၁)စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်) စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းသည် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းက အမှတ်(၁)စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)သို့ သွားရောက်စစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာက စက်ရုံ၏ ထုတ်လုပ်မှုဆိုင်ရာနှင့် ငွေကြေးသုံးစွဲမှုဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက မှာယူထားသည့် စက်ပစ္စည်းများ ထုတ်လုပ်ပြီးစီးမှုအခြေအနေ၊ Wound Core မှ Stack Core Transformer စမ်းသပ် သုတေသနဆောင်ရွက်နေမှု အခြေအနေ၊ Bulldozer & Excavator sprocket များ သုတေသနပြု ထုတ်လုပ်နေမှု အခြေအနေနှင့် 75 KW Francis Turbine ထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်

ဝန်ကြီးက ထုတ်လုပ်သည့် ပစ္စည်းများ၏ Quality Control အလေးထားရန်၊ Workmanship ဂရုစိုက်ရန်၊ Production Review လုပ်ရန်၊ Product တစ်ခုချင်းအပေါ် Review လုပ်ရန်၊ ဖွဲ့စည်းထားသော Cost Management ကော်မတီအနေဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် ပစ္စည်း/ငွေကြေး လေလွင့်ပြန်းတီးမှု လျော့ပါးစေရေး အလေးအနက်ထား ဆောင်ရွက်ရန် မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဝန်ကြီးသည် စက်တပ်ဆင်ရေးအလုပ်ရုံ၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ရေးအလုပ်ရုံနှင့် 75 KW Francis Turbine ထုတ်လုပ်မှုအလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မကြာမီဖွင့်လှစ်မည့် စက်မှုလက်မှုအထက်တန်းကျောင်းများက မှာယူထားသည့် Work Shop သုံးစက်ကိရိယာများ အချိန်မီ ထုတ်ပေးသွားရန်၊ မိမိဝန်ကြီးဌာနအတွင်းရှိ စက်ရုံများအနေဖြင့် Integrated အသွင်ဖြင့် ပေါင်းစပ်ညှိနှိုင်း ထုတ်လုပ်ကြရန်၊ လက်ရှိအသုံးပြုလျက်ရှိသည့် စက်များအား လိုအပ်သလို Upgrade ပြုလုပ် အသုံးပြုသွားရန် မှာကြားပြီး စက်ရုံအတွင်း လက်တွေ့လေ့ကျင့်သင်ကြား ဆောင်ရွက်နေကြသော အခြေခံစက်မှုသင်တန်းသား သင်တန်းသူများနှင့် စက်ရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြွန်တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးတို့ကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာနခမ်းမရုံ၌ ကျင်းပမည်ဖြစ်သည်။

ပေးပို့နိုင်

အသင်းဝင်များနှင့် ပြွန်တန်ဆာနွယ်ဖွားများ တက်ရောက်ကြရန်ဖြစ်ပြီး အသက် ၇၅နှစ်ပြည့်ပြီးသောအသင်းဝင်များနှင့်မိဘများစာရင်း၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို အသင်းနာယက ဦးဘသောင်း ဖုန်း-၂၂၁၇၈၀၊ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း-၅၀၂၇၀၃၊ တွဲဖက်အတွင်းရေးမှူး ဦးစောလှ ဖုန်း-၂၉၈၈၂၇၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ အမှုဆောင် ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈ နှင့် ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀တို့သို့ ဖေဖော်ဝါရီ၁၅ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတွင် အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၇ရက်က ကျင်းပရာ ရန်ကုန်တိုင်းစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းဥက္ကဋ္ဌ ဦးစံရှိန်က နောက်ဆက်တွဲစောင့်ရှောက်ရေးနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆွေးနွေးဟောပြောစဉ်။ (ပညာရေး)

ဒိုက်ဦးအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၈

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက် ၈ နာရီခွဲက သိမ်ကြီးဈေး မဟာသိမ်တော်ကြီးခမ်းမရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးတင်နုက အဖွင့်အမှာစကားပြောကြားပြီး အသင်းဝင်သက်ကြီး အဘိုးအဘွားများအား ပူဇော်ကန်တော့ကြကာ ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုကြသည်။ ဆက်လက်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်တို့၏ သားသမီးများအား တာဝန်ရှိသူများက ပညာရည်ချွန်ဆုချီးမြှင့်ကြပြီး **(အပေါ်ပုံ)** အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြကာ ဥက္ကဋ္ဌဦးတင်နုနှင့် အတွင်းရေးမှူး ဦးလှမင်းတို့ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ ရုပ်မြင်သံကြား

၂၉-၁-၂၀၀၉ ရက်
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၇:၅၀ ၅။ အကပဒေသာ
၈:၀၀ ၆။ **ငှက်တစ်သောင်း**
ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီစိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွှန့်
(ဒါရိုက်တာ-မောင်သီ)
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၀ ၅။ **မီးမီးရဲ့ ဆုံးဖြတ်ချက်**
နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်
(ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
၄:၅၀ ၆။ အဆိုပြိုင်ပွဲ
၅:၀၀ ၇။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်) (အပိုင်း-က)
၅:၂၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆:၅၅ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ
ဦးစိုက်နောက်ပြန် အပိုင်း (၁)
သရုပ်ဆောင် စိုးရန်အောင်၊ ဇော်ဇော်အောင်၊ နန်းဆုရတီစိုး
(ဒါရိုက်တာ-အောင်ကျော်သူရ)
၇:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ
ကုန်သွယ်မှုန်တိုင်း
(အပိုင်း-၄၇)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ
ပင်လယ်ပျော်မင်းသား
(အပိုင်း-၆၇)
၂၀။ အစီအစဉ်ပြီး၏။

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၈

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ၁၈ရက်တွင် အသင်းဓမ္မာရုံ၌ကျင်းပရာ အပူဇော်ခံသက်ကြီး ၁၃၂ဦးအား ပူဇော်ကန်တော့ခြင်း၊ ဂုဏ်ထူးဘွဲ့ထူးရ ပုဂ္ဂိုလ်သုံးဦးအား ဂုဏ်ပြုခြင်းနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦးအား ပညာရည်ချွန်ဆုချီးမြှင့်ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အတွင်းရေးမှူး ဦးကြင်မောင်တို့ ပါဝင်သော အမှုဆောင် ၃၈ဦးတို့ ရွေးချယ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ (၁၁)ကြိမ်မြောက် သက်ကြီးစာကြည့်တိုက် ပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ၂၄ရက်တွင် ရန်ကုန်မြို့ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးသိန်းရွှေက ပူဇော်ခံဆရာ ဆရာမကြီး ၂၆ဦးတို့အား အလှူပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီး ဦးတင်ဦးနှင့် ဆရာကြီး ဦးသော်ကောင်းတို့က ဩဝါဒစကား ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသည်တင်ယာဉ်မောင်း ယာဉ်နောက်လိုက်များအား အသိပညာပေး ဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးချစ်၊ တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းတင်နှင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်**(အပေါ်ဝဲပုံ)**တို့သည် ဇန်နဝါရီ ၂၇ ရက်က သန်လျင်မြို့နယ် ကျိုက်ဖောဓိဘုရားကြီး အရှေ့ကျောင်းဝင်းအတွင်း၌ တောင်ပိုင်းခရိုင် ယာဉ်လိုင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၂၆၂ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ များ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **(ယာဉ်ထိန်းရဲ)**

အရှေ့တောင်အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ-မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၈

အရှေ့တောင်အာရှနိုင်ငံအချို့တွင် ဇန်နဝါရီ ၂၈ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသော ရာသီဥတုခန့်မှန်းချက်များကို အင်တာနက်မှရယူကာ စုစည်းဖော်ပြလိုက်ရပါသည်-

စင်ကာပူ

စင်ကာပူနိုင်ငံတွင် ဇန်နဝါရီ ၂၈ရက်က ပျမ်းမျှအပူချိန်၃၂ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တစ်နိုင်ငံလုံးတွင် တိမ်များဖြစ်ထွန်းခဲ့ပြီး မြောက်ဘက်မှလေများ တစ်နာရီ ၁၃မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ အချို့ဒေသများတွင် မိုးအနည်းငယ်ရွာသွန်းခဲ့သော်လည်း အချို့ဒေသများ၌ သာယာခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်နိုင်ငံလုံးတွင် တိမ်များဖြစ်ထွန်းနေမည်ဖြစ်သော်လည်း သာယာမည်ဖြစ်သည်။ နေ့အပူချိန်များမှာ ၂၉ဒီဂရီစင်တီဂရိတ်သို့ အနည်းငယ်ကျဆင်းနိုင်မည်ဖြစ်သလို ညအပူချိန် ၂၄ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းမည်ဖြစ်သည်။ အရှေ့မြောက်ဘက်မှလေအေးများ တစ်နာရီ ၁၂မိုင်နှုန်းခန့် တိုက်ခတ်နိုင်သည်မှအပ တစ်နိုင်ငံလုံးတွင် သာသာယာယာ ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘရူနိုင်း

ဘရူနိုင်းတစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၂၈ရက်က ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အရှေ့မြောက်ပိုင်းဒေသများတွင် နံနက်ပိုင်းဆီးနှင်းများ ကျဆင်းခဲ့သည်မှအပ သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်နိုင်ငံလုံးညအပူချိန်များမှာ ၂၃ဒီဂရီစင်တီဂရိတ်အထိကျဆင်းပြီး အအေးပိုနိုင်သည်။ ဘရူနိုင်းနိုင်ငံ၏ မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်း ဒေသများတွင် မိုးအနည်းငယ်ရွာသွန်းနိုင်သည်။ ကျန်ဒေသများ၌ မိုးတိမ်ကင်းစင်ပြီး သာသာယာယာရှိနိုင်မည်ဖြစ်ကြောင်းခန့်မှန်းသည်။

လာအို

လာအိုနိုင်ငံတစ်ဝန်းတွင် နံနက်ပိုင်း ဆီးနှင်းများကျဆင်းခဲ့ပြီး ပျမ်းမျှအပူချိန် ၂၇ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အနောက်ပိုင်းဒေသအချို့တွင် မိုးအနည်းငယ်ရွာသွန်းခဲ့သည်မှအပ သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ နေ့အပူချိန်များ ဆက်လက်မြင့်တက်နေမည်ဖြစ်ပြီး ညအပူချိန်များ ၂၉ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် အရှေ့မြောက်ဘက်မှ လေအေးများ တစ်နာရီ၁၅မိုင်နှုန်း တိုက်ခတ်နိုင်သည်။ အချို့ဒေသများ၌ နေ့အပူချိန် ၃၅ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်သော်လည်း ဒေသအများအပြား၌ သာသာယာယာရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြသည်။

ဗီယက်နမ်

ဗီယက်နမ်နိုင်ငံ ဟန်္ဂိုင်းမြို့တော်၌ နေ့အပူချိန် ၁၅ဒီဂရီစင်တီဂရိတ်သာရှိခဲ့ပြီး နံနက်ပိုင်း အအေးပိုခဲ့သည်။ တစ်နိုင်ငံလုံးတွင် တိမ်များဖြစ်ထွန်းခဲ့ပြီး သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့အပူချိန် ၂၀ဒီဂရီစင်တီဂရိတ်အထိ တိုးမြင့်လာမည်ဖြစ်သော်လည်း ညအပူချိန်များ ၁၄ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းမည်ဖြစ်သည်။ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသအချို့တွင် တိမ်များဖြစ်ထွန်းပြီး မိုးအနည်းငယ် ရွာသွန်းနိုင်သည်။ မြောက်ပိုင်းဒေသအချို့တွင် နံနက်ပိုင်း ဆီးနှင်းများကျဆင်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နံနက်ပိုင်းဆီးနှင်းများ ကျဆင်းခဲ့သော်လည်း ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တစ်နိုင်ငံလုံးတွင် အနောက်မြောက် ဒေသများ၌သာ တိမ်များဖြစ်ထွန်းခဲ့သည်။ အရှေ့မြောက်ဘက်မှ လေအေးများ တစ်နာရီ ၁၅မိုင်နှုန်း တိုက်ခတ်ခဲ့ပြီး မြောက်ပိုင်းဒေသအချို့ အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့အပူချိန်များ ၂၄ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနိုင်ပြီး ညအပူချိန် ၂၀ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသအချို့၌ မိုးအနည်းငယ်ရွာသွန်းနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ ။ **(အင်တာနက်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၂၈

ဆရာဝန်အသင်း သင်တန်းတက်ရောက်နိုင်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး ယူနစ် (CME)နှင့် Myanmar Endocrine and Metabolic Society တို့ ပူးပေါင်းဖွင့်လှစ်သည့် Diabetes Management Course 2009 သင်တန်းကို ဇန်နဝါရီ ၃၁ရက်၊ ဖေဖော်ဝါရီ ၁ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ပို့ချမည်ဖြစ်ရာ ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁နာရီနောက်ဆုံးထား၍ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။

မတူပီအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

မတူပီမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို အမှတ်၄၁ ဦးအောင်မင်းလမ်း ခဝဲခြံ မရမ်းကုန်းမြို့နယ်၌ ဇန်နဝါရီ ၃၁ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျန်းမာရေးနှင့် ပြည်သူ့အကျိုးပြုစာအုပ်များဝယ်ယူနိုင်

ကျန်းမာရေးနှင့်ပတ်သက်၍ ပြည်သူများသိသင့်သိထိုက်သည်များကို ရေးသားဖော်ပြထားသည့် ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်၏ ကျန်းမာရေးနှင့် ပြည်သူ့အကျိုးပြုစာအုပ်များကို မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ဝယ်ယူနိုင်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်းတွင် စုံစမ်းနိုင်သည်။

ရေးသူဖတ်သူ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စီစဉ်မှုဖြင့် ရေးသူဖတ်သူ ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အမှတ် ၅၉၂/၅၉၃ ဦးထွန်းရှိန်လမ်းနှင့် ရောလမ်းထောင့် (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

မြန်မာ့ဝါးဝယ်ယူရန် အိန္ဒိယမှကမ်းလှမ်းထား

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဇန်နဝါရီ ၁၅ရက်က ပြုလုပ်သော အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှု ဆွေးနွေးပွဲတွင် အိန္ဒိယဘက်မှ မြန်မာနိုင်ငံမှထွက်ရှိသော ဝါးများကို လစဉ်တန်ငါးထောင်အထက် ဝယ်ယူရန် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ပေါက်ဈေးအတိုင်း ဈေးကောင်းပေးဝယ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝက်ဘ်ဆိုက်လွှင့်တင်ထား

ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ထူးခြားသည့် ပြည်တွင်းပြည်ပသတင်းများ၊ ဆောင်းပါးများ၊ ဓာတ်ပုံများအစရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သိလိုသည်များကို မြန်မာဘာသာဖြင့်ဖော်ပြထားသော ပထမဆုံး ဝက်ဘ်ဆိုက်ဖြစ်သည့် www. changingclimate.asia အမည်ရှိ အင်တာနက် ဝက်ဘ်ဆိုက်ကို ဇန်နဝါရီ ၁ ရက်မှစ၍ လွှင့်တင်ထားကြောင်း သိရသည်။

ပန်းရော ပန်းချီပြပွဲ ခင်းကျင်းပြသထား

ပန်းရောအမည်ရှိ ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း အမှတ် ၁၈၇/၁၉၂၌ ဇန်နဝါရီ ၂၇ရက်မှ ၃၁ရက်အထိ နံနက်၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိရာ ပန်းချီဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကင်းမြို့နယ် ကြက်ခြေနီအသင်းရန်ပုံငွေအဖြစ် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရန်ကင်းလမ်းမကြီး အားကစားကွင်း၌ ဖေဖော်ဝါရီ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၀၂၉၇၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို ဖေဖော်ဝါရီ၄ရက်မှ ၇ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး (၁၀)ကြိမ်မြောက် FDI-MDA ပူးတွဲပညာရေး အစည်းအဝေးကိုပါ တစ်ပါတည်းကျင်းပမည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၉ရက် (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဘဝဇာတ်ဆရာ တရားတော်** (ဒုတိယပိုင်း) ဆရာတော်ဘဒ္ဒန္တသောဘဏ
၇:၅၀-၁:၅၀ ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၈:၀၀-၂:၀၀ တေးဂီတအစီအစဉ်
၈:၀၅-၂:၀၅ ပြည်တွင်းအနုပညာရေးရာ
၈:၃၀-၂:၃၀ သာယာပျော်ရွှင်စိမ်းလဲ့တင်
၈:၄၅-၂:၄၅ တေးဂီတအစီအစဉ်
၈:၅၅-၂:၅၅ Double Certificate ဆိုသည်မှာ
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၄၅-၃:၄၅ တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀ အရက်အန္တရာယ် (သိပ္ပံမှူးတင်)
၁၀:၁၀-၄:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅ ဖြူးချောင်းတံတား
၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀ နိဗ္ဗာန်သို့ရည်လူဒါန်းနိုင်မည် တပ်ဦးမင်းကုန်း ဓမ္မဗိမာန်တော်ဆီ
၁၀:၅၀-၄:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅ မြန်မာ့သနပ်ခါး
၁၁:၂၀-၅:၂၀ ရင်သွေးအတွက် သတိတစ်ချက် (အနုပညာရှင်များ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၁:၃၀-၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ အိကျော်ဇင်နှင့် တွေ့ဆုံခြင်း)
၁၂:၀၀-၆:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဒီဝါကျွတ်အမီ ခယ်မအမြန်အစွဲ ထုတ်ရန်ရှိသည်**
၁၂:၃၀-၆:၃၀ Yangon Panorama (Satori Creative Works ရဲ့ အနုပညာဖန်တီးမှုများ အကြောင်း)
၁၂:၅၅-၆:၅၅ တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ၂၀၀၉ခုနှစ် ဆန်တိုဆာပန်းပွဲတော်တွင် ဧည့်သည်များ အမှတ်တရဓာတ်ပုံရိုက်ကူးနေသည်ကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားနှင့် အမေရိကန် ဆက်ဆံရေး မြှင့်တင်ရန် အိုဘားမားနှင့် မက်ဗီဒက်တို့ ကတိပြု

မော်စကို ဇန်နဝါရီ ၂၈

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်နှင့် အမေရိကန်သမ္မတဘားရက်အိုဘားမားတို့က ရုရှားနှင့် အမေရိကန် ဆက်ဆံရေး ပြန်လည်မြှင့်တင်ရန် အပြန်အလှန်ကတိပြုကြကြောင်း ရုရှားသမ္မတနန်းတော်က ဇန်နဝါရီ ၂၆ရက်တွင် ကြေညာသည်။

ကတိပြု

ဘားရက်အိုဘားမား အမေရိကန်သမ္မတဖြစ်လာသည်ကို ကြိုဆိုဂုဏ်ပြုကြောင်းနှင့် အောင်မြင်ပါစေကြောင်း ရုရှားသမ္မတမက်ဗီဒက်က ဆက်သွယ်ပြောကြားပြီး ရက်သတ္တပတ်နီးပါးအကြာတွင် နှစ်နိုင်ငံသမ္မတ နှစ်ဦး တယ်လီဖုန်းဖြင့် စကားပြောကြစဉ် အထက်ပါအတိုင်း နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကို ကတိပြုခဲ့ကြခြင်း ဖြစ်သည်။

တိုးမြှင့်

ကမ္ဘာ့ငွေကြေး အကျပ်အတည်းမှ ရုန်းထွက်ရေးစွမ်းအားဖြင့် အဖျက်လက်နက်များ မပြန့်ပွားရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကဲ့သို့သော နယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ကြမည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်သော စက်ရုပ်၏ စွမ်းရည်ပြမှုကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့၌ ကားဗုံးခွဲတိုက်ခိုက် တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

မိုဆူးလ် ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ မြောက်ဘက်ရှိ မိုဆူးလ်မြို့အယ်လ်မာလီယာအရပ်၌ ဇန်နဝါရီ ၂၇ ရက် စောစောပိုင်းတွင် အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသောကားဖြင့် အီရတ်တပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ကားကို ဝင်ရောက်တိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

လေးနှစ်တာကာလအတွင်း အီရတ်နိုင်ငံ၏ ပထမဦးဆုံးရွေးကောက်ပွဲအဖြစ် ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပရန်ပြင်ဆင်နေချိန်တွင် ယင်းအဖြစ်အပျက်သည် အကြမ်းဖက် ဆူးငြောင့်ခလုတ်အဖြစ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီရတ်တပ်ဖွဲ့သည် အီရတ်ပြည်နယ် ၁၈ ခုရှိနေရာ ၁၄ နေရာ၌ ကျင်းပမည့်ရွေးကောက်ပွဲအတွက် လုံခြုံရေး တာဝန်ယူဆောင်ရွက်နေသော အီရတ်အမျိုးသားရဲတပ်ဖွဲ့ကို ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်။

ဖြစ်ပွား

သို့သော်လည်း အီရတ်ဒုတိယဗိုလ်ချုပ်ကြီး အလီဆာလစ်ချ်ဖာဟုဒ်အော့သ်မန်က ၄င်းအနေဖြင့် အီရတ်နိုင်ငံတောင်ပိုင်း ပြည်နယ်ရှစ်ခုတွင် လုံခြုံရေးကို တင်းကျပ်စွာ တိုးမြှင့်ချထားရန် အမိန့်ပေးဆောင်ရွက် စေခဲ့သော်လည်း ရွေးကောက်ပွဲကျင်းပမည့် ဇန်နဝါရီ ၃၁ ရက်ဝန်းကျင်တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားဖွယ်ရှိကြောင်း စောစောပိုင်းက ပြောကြားသည်။

တိုက်ခိုက်

ရွေးကောက်ပွဲကျင်းပမည့်ရက်တွင် မဲရုံများ၌ ဒုံးကျည်များ၊ စိန်ပြောင်းများနှင့် အသေခံဗုံးခွဲသမားများ ရန်ပြုလာမည်ကို သတိကြီးစွာ ထားရမည်ဖြစ်ကြောင်း၊ အယ်လ်ခိုင်ဒါများသည် ဥပဒေအပြင်ဘက်မှ လူများဖြစ်ကြောင်း၊ ၄င်းတို့သည် နည်းဗျူဟာများကိုပြောင်းကာ ရရာဖြင့်ဖြစ်သလို စီမံဖန်တီးထားသော ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုနေကြကြောင်း၊ ချုံခိုတိုက်ခိုက်လာနိုင်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်စွမ်းရှိပြီး အယ်လ်ခိုင်ဒါများက မိမိတို့အား အနိုင်မရနိုင်ကြောင်း အော့သ်မန်က ရှင်းလင်းပြောကြားသည်။

ရွေးကောက်ပွဲမတိုင်မီနှင့်ရွေးကောက်ပွဲရက်များဖြစ်သည့် ဇန်နဝါရီ ၃၀ နှင့် ၃၁ ရက်များတွင်လုံခြုံရေးကို တိုးမြှင့်တင်းကျပ်သည့်အနေဖြင့် ရွေးကောက်ပွဲအရာရှိများက ယင်းရက်များတွင် သယ်ယူပို့ဆောင်မှုကို တားမြစ်သည့်အမိန့်နှင့် ညမထွက်ရအမိန့်များကို ထုတ်ပြန်ထားသည်။

(အင်တာနက်)

ဂါဇာကမ်းမြောင်ဒေသ ရာဖာမြို့တွင် စာသင်ကျောင်းများ ပျက်စီးသွားခဲ့သဖြင့် ကလေးငယ်များအား ယာယီတဲများထိုးကာ စာသင်ကြားပေးလျက်ရှိသည်ကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ဘာကူဘာမြို့တွင် စက်ဘီးဖြင့် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုပြုလုပ်ပြီးနောက် အပျက်အစီးများအား ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယီမင် အမေရိကန်သံရုံးအပြင်ဘက် ပစ်ခတ်မှု လူသုံးဦးအား လုံခြုံရေးတပ်က ဖမ်းဆီးစစ်ဆေး

ဆာနာ ဇန်နဝါရီ ၂၈

ယီမင်နိုင်ငံ အမေရိကန်သံရုံး အပြင်ဘက်ရှိ စစ်ဆေးရေးစခန်းတွင် ဇန်နဝါရီ ၂၆ရက်က ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားသည်။ လုံခြုံရေးအရာရှိများက စုံစမ်းစစ်ဆေးရန်အတွက် လူသုံးဦးအား ထိန်းသိမ်းထားသည်။

မည်သူတစ်ဦးတစ်ယောက်မျှထိခိုက်ဒဏ်ရာရခြင်းမရှိသော်လည်း ပစ်ခတ်မှုများနှင့် ပတ်သက်၍ သတင်းအမျိုးမျိုး ထွက်ပေါ်နေသည်။

ဖမ်းဆီး

စစ်ဆေးရေးစခန်းအနီး မောင်းလာသည့် မော်တော်ယာဉ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုးပေါ်သေနတ်ထောင်ပစ်ကာ သတိပေးရပ်ခိုင်းပြီး မော်တော်ယာဉ်ပေါ်မှ လူသုံးဦးအား ဖမ်းဆီးစစ်ဆေးသည်ဟုဆိုသည်။

လှမ်းပစ်

အခြားသော လုံခြုံရေးအရာရှိတစ်ဦး၏ ပြောဆိုချက်အရ သေနတ်သမား သုံးဦးက မော်တော်ယာဉ်ဖြင့်လာစဉ် စစ်ဆေးရေးစခန်းကို လှမ်းပစ်ခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံး

မည်သို့ပင်ဖြစ်စေ စက်တင်ဘာလအတွင်းက သံရုံးကို အသေခံကားဗုံးခွဲသဖြင့် ၁၆ ဦး သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်း အီရတ် ရေနံစည် ၅၆သန်းတင်ပို့နိုင်ခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်း အီရတ်နိုင်ငံမှ ပြည်ပသို့ ရေနံစိမ်းစည် ၅၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း အီရတ်ရေနံဝန်ကြီးဌာနက ဇန်နဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ရောင်းချ

ယင်းရေနံများအား နိုင်ငံတကာမှ ရေနံကုမ္ပဏီ ၂၃ခုက ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာလအတွင်း ပျမ်းမျှအားဖြင့် ရေနံစိမ်းစည်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၄ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ရောင်းချခဲ့ရာ ရေနံတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁ဒသမ၉၄၃ ဘီလီယံရရှိခဲ့သည်။

ရေနံတင်ပို့

နိုဝင်ဘာလအတွင်းက ရေနံစိမ်းစည်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၃ဒသမ ၅၄ဒေါ်လာပေါက်ဈေးရှိခဲ့ရာ ရေနံတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂ဒသမ ၂၉၉ ဘီလီယံရရှိခဲ့သည်။

ဝင်ငွေလျော့နည်း

ရေနံဈေးနှုန်းကျဆင်းလာမှုကြောင့် ဒီဇင်ဘာလအတွင်း ရေနံရောင်းအားမှာ နိုဝင်ဘာလကထက် ပိုမိုမြင့်တက်လာခဲ့သော်လည်း ဝင်ငွေမှာ လျော့နည်းသွားခဲ့သည်ဟု သတင်း ထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ပေကျင်း၌ မီးလောင်မှု သုံးဦးသေဆုံး

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံ ပေကျင်းမြို့တော် ချောင်ယန်ဒေသ၌ ဇန်နဝါရီ ၂၆ရက် နံနက် ၂ နာရီ ၁၀ မိနစ်က လူနေတိုက်ခန်း၌ မီးလောင်မှုဖြစ်ပွားရာ သုံးဦးသေဆုံးသွားခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများမှာ အဘိုး အဘွားနှင့် ၄င်းတို့၏ သုံးနှစ်သမီးအရွယ် မြေးမလေး တစ်ဦးဖြစ်ကြောင်း၊ အဘိုးမှာ မီးလောင်ရာ အခန်းအတွင်း၌ပင် သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ဆေးရုံအရောက် သေဆုံးခဲ့သည်။

ဆေးရုံတင်

မီးလောင်ရာဒေသရှိ လမ်းများမှာ ကျဉ်းလွန်းသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ရကြောင်း၊ မီးလောင်ကျွမ်းသည့် အကြောင်းရင်းကိုမူ စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မော်လမြိုင်ကောလိပ် သတ္တဗေဒကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

မော်လမြိုင်ကောလိပ် သတ္တဗေဒဌာနမှ (၁၉၇၅-၁၉၇၉)ခုနှစ် သတ္တဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဘွဲ့ရ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို ယခုနှစ် မတ်၂၈ရက် (စနေနေ့)တွင် ကရဝိက်နန်းတော် ဥတ္တရ ခန်းမ၌ ကျင်းပမည် ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုခင်မောင်လွင်-မမြင့်မြင့်မော် ဖုန်း-၀၁-၇၀၄၇၈၇၊ ၀၉-၅၀-၂၁၈၆၄၊ ကိုလှမြင့်-မတင်တင်ရှန် ဖုန်း-၀၁-၂၂၅၈၆၀၊ ၀၉-၅၁-၂၅၃၈၄၊ မကြည်စန်း ဖုန်း-၀၁-၅၂၆၉၂၀၊ ၀၉-၅၁-၇၅၆၁၀၊ ကိုမြင့်ဆွေ ဖုန်း-၀၅၂-၂၁၇၄၂၊ ၀၉-၅၃-၀၀၂၅၇၊ ကိုပြုံးချို ဖုန်း-၀၅၂-၂၂၀၈၁၊ မအေးအေးနွယ် ဖုန်း-၀၅၇-၂၂၅၃၆၊ ၀၉-၅၃-၂၂၁၀၄၊ ကိုအောင်ခင် ဖုန်း-၀၅၇-၂၃၀၈၈နှင့် မဝင်းဝင်းမြေ ဖုန်း-၀၅၇-၂၅၀၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်း(၁၅)နှစ်ပြည့်အထိမ်းအမှတ် အထူးဈေးရောင်းပွဲတော်၊ စာတမ်းဖတ်ပွဲနှင့်ပျော်ပွဲရွှင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

၁၉၉၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ ၁၅နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း၌ အထူးဈေးရောင်းပွဲတော်နှင့်အတူ စာတမ်းဖတ်ပွဲ၊ ပြပွဲပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာကျင်းပရန် စီစဉ်ထားသည်။

ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက်၈နာရီတွင် ကျင်းပပြီး ထိုနေ့တွင် သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲကို နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၃၀ရက်နှင့် ၃၁ရက်တို့တွင် နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ စာတမ်းရှင်ရှစ်ဦးတို့က ဖတ်ကြားတင်ပြကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ

ဇန်နဝါရီ ၃၀ရက်တွင် ပဲခူး ဒီဂရီကောလိပ်မှ ဒေါက်တာချိုချိုတင့်က မြန်မာ့ကဗျာစာဖွဲ့များလာ ပန်းနိမိတ်ပုံစာတမ်း၊ သစ်တောသုတေသနဌာနမှ ဒေါ်မြင့်မြင့်စန်းနှင့် တွဲဖက်ပါမောက္ခ ဒေါ်ခင်ဝင်းမြင့်တို့က သစ်ခွမျိုးစိတ်အချို့၏ ဆေးဖက်အသုံးဝင်ပုံစာတမ်း၊ ဒေါ်နီလာလွင် (နွယ်ဝတီ)က Water Graden စာတမ်းနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရုက္ခဗေဒဌာနမှ ဒေါက်တာရဲသူဇာက ကျိုက်ထီးရိုး ဘေးမဲ့တောအတွင်းရှိ မြန်မာ့သစ်ခွရိုင်းများစာတမ်း၊ ဇန်နဝါရီ ၃၁ရက်တွင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ပန်းအလှပြုပြင်ခြင်းစာတမ်း၊ အသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ ဖြစ်ကြသော ဒေါ်သက်ယုနွယ်က "ဥ" ရင်ကောက်ပင်များ၏ အသုံးဝင်ပုံစာတမ်း၊ ဒေါက်တာစောလွင်နှင့် ဒေါ်ပန်းခက်ခက်တို့က မြန်မာနိုင်ငံအတွက် မှတ်တမ်းသစ်တင်နိုင်သော သစ်ခွရိုင်းများ စာတမ်းနှင့် ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာနမှ ဒေါ်နှင်းအိလှိုင်က သင်ဖြူးဖျာရက်လုပ်သည့် အပင်မှ ရရှိသော ဘေးထွက်ပစ္စည်းများ၏ အသုံးဝင်ပုံစာတမ်းတို့ကို ဖတ်ကြားတင်ပြကြမည်ဖြစ်ရာ အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပန်းချီပြိုင်ပွဲ

အလားတူပင် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် ဓာတ်ပုံဝါသနာရှင်များ၏ လျှပ်တစ်ပြက် ဓာတ်ပုံပြိုင်ပွဲကိုလည်း ဇန်နဝါရီ၃၀ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ နေ့စဉ် ကျင်းပမည်ဖြစ်ရာ အထက်တန်းနှင့် အလယ်တန်းအဆင့်အတွက် ရေးဆွဲချိန် သုံးနာရီ၊ မူလတန်းအဆင့်အတွက် ရေးဆွဲချိန် နှစ်နာရီ သတ်မှတ်ထား၍ မည်သူမဆို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပါဝင် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၉-၂၈၀၄၇နှင့် ၀၉-၅၀၀-၁၇၂၈တို့သို့ ဆက်သွယ် ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(၁၇၃)

ဦးဝင်းရှိန်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးဝင်းရှိန်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

ရေစစ်ကန်တူးဖော်မှုစစ်ဆေး

မုံရွာ ဇန်နဝါရီ ၂၈

မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်သည် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့မြစ်ရေတင်လုပ်ငန်း ရေစစ်ကန်တူးဖော်နေမှုကို ဇန်နဝါရီ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်စိုးက ရှင်းလင်းပြသကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းသူများအား အခြေခံစက်ချုပ်သင်တန်း ပို့ချလေ့ကျင့်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (နယ်စပ်/စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် အခြေခံအိမ်တွင်းမှုအထူးသင်တန်းဖွင့်

လေဘေးသင့် ကျေးရွာများမှ သင်တန်းသူ ၆၀တက်ရောက် ကိုယ်ပိုင်စီးပွားရေးဆောင်ရွက်နိုင်သည်အထိ သင်ကြားပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၂၆ရက် နံနက် ၇နာရီက မော်လမြိုင်ကျွန်းမြို့ မော်ဇရာခန်းမ၌ ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အခြေခံအိမ်တွင်းမှုအထူးသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အခြေခံအိမ်တွင်းမှုသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်ကြားပေးမည့် ဘာသာရပ်များ၊ သင်တန်းအထောက်အကူ ပစ္စည်းပံ့ပိုးမှုနှင့် နေထိုင်ရေး၊ စားသောက်ရေးတို့နှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့နေ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှ၊ ဇနီးသုဓမ္မသိင်္ဂီ ဒေါ်ရွှေစိန်မိသားစုတို့က နေပြည်တော်ဥပ္ပါတသန္တိစေတီတော် ရွှေစင်ရွှေပြားကပ်လှူရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လက်ခံသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြ သောအားဖြင့် ဖွင့်လှစ်သော မော်လမြိုင်ကျွန်းမြို့ ဗိုလ်ဥတ္တမလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပသော လပွတ္တာမြို့နယ် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းခန်းမအတွင်း သင်တန်းသူများအား အခြေခံစက်ချုပ်ပညာ သင်ကြားလေ့ကျင့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

လပွတ္တာမြို့နယ် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁)သို့ လပွတ္တာ မြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ သင်တန်းသူ ၆၀တက်ရောက်လျက်ရှိပြီး ရက်သတ္တ ၁၂ပတ်ကြာ အခြေခံအိမ်တွင်းမှုပညာနှင့် အာဟာရမပျက် ချက်ပြုတ်မှုပညာများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း လေဘေးသင့်ကျေးရွာများမှ အမျိုးသမီးငယ်များအား အိမ်တွင်းလက်မှုလုပ်ငန်းများ လုပ်ကိုင်တတ်လာအောင် သင်ကြားပေးရန်နှင့် တတ်မြောက်သည့် အိမ်တွင်းမှုပညာဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ဆောင်နိုင်စေရန်အတွက် ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းပေါင်း ၃၄ ကျောင်းမှ ကျွမ်းကျင်သော နည်းပြများအား ထုတ်နုတ်၍ ဧရာဝတီတိုင်းအတွင်းရှိဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာ မြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာများမှ တစ်မြို့နယ်လျှင် သင်တန်းသူ ၆၀စီဖြင့် စုစုပေါင်းသင်တန်းသူ ၂၄၀အား အခြေခံအိမ်တွင်းမှုပညာ၊ အာဟာရမပျက် ချက်ပြုတ်နည်း ပညာရပ်များကို ရက်သတ္တ ၁၂ပတ်ကြာ သင်တန်းဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းသူများအတွက် နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူ ပစ္စည်းများကို အခမဲ့ထောက်ပံ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက သင်တန်းသူများအနေဖြင့် အိမ်တွင်းမှု အတတ်ပညာဖြင့် မိမိကိုယ်ပိုင်စီးပွားရေး အသက်မွေးဝမ်းကျောင်းမှုကို ဆောင်ရွက်နိုင်သည်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းခန်းမအတွင်း သင်တန်းသူများအား အခြေခံစက်ချုပ်သင်တန်း ပို့ချလေ့ကျင့်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

မော်လမြိုင်ကျွန်းမြို့နယ် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁)သို့ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်ကာ အခြေခံအိမ်တွင်းမှုပညာနှင့် အာဟာရမပျက် ချက်ပြုတ်မှုပညာများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးသည် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သော လပွတ္တာမြို့ စိန်ရတုလမ်း၊ ဘုရားလမ်း၊ သြဘာလမ်း၊ မြို့ပတ်လမ်း၊ လမ်းမတော်လမ်း ကတ္တရာလမ်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၃၀-၁-၂၀၀၉)

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် မေတ္တသုတ်+ခန္ဓသုတ် ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	ပြောပါရစေရှင် သည်ကနေ့မှစ-ရှေ့
၈:၄၅	တေးပဒေသာ
၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	သောတရှင်လိုရာတေး
၁၀:၃၀	သတင်းစာအာဘော်
၁၀:၄၅	တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁:၄၀	နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း
၁၂:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀	သိမှတ်စရာ မြန်မာစကားမြန်မာစာ ပုဂံသားတို့၏စကားအသုံးအနှုန်း
၁၂:၄၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	နေ့လယ်ခင်းသတင်း
၁၃:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး ပါရမီရှင်
၁၆:၃၀	ပညာရေးအထူးအစီအစဉ်
၁၇:၀၀	အလုပ်အကိုင်အခွင့်အလမ်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နည်းပြ
၁၇:၁၀	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	တေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၂၅	တေးချစ်သူရွှေသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅	ဇာတ်လမ်းပမာနားဆင်စရာ အသည်းဟင်းတစ်ခွက်
၁၉:၄၅	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ ထွန်းထွန်း စီးပွားရေးဦးတည်ချက်
၂၀:၃၀	တေးပဒေသာ
၂၁:၀၀	ဆောင်းပါး စာဖတ်ခြင်း လူမှုရေးဦးတည်ချက်
၂၁:၁၅	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၂:၀၀	အစီအစဉ်ပြီး၏။

မန္တလေးမြို့ နဂါးစာပေနှင့်ဖြန့်ချိရေးမှ ကွန်ပျူတာသုံးအရောင်းစနစ် ဆိုင်သစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးမြို့ နဂါးစာပေနှင့်ဖြန့်ချိရေးဆိုင်ခွဲမှ (၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာအုပ်အမျိုးမျိုးကို စူပါမားကတ်ကြီးများကဲ့သို့ စနစ်တကျဖြင့် အဆင့်မြင့်မားစွာ ခင်းကျင်း၍ ဈေးနှုန်းမှန်ကန်စွာဖြင့် စာအုပ်သီးသန့်ရောင်း စူပါမားကတ်ကြီးများ ပေါ်ထွန်းလာစေရန်နှင့် ကွန်ပျူတာသုံးအရောင်းစနစ် (Point of sale system)များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကွန်ပျူတာသုံးအရောင်းစနစ် (Point of sale system) လက်လီ သီးသန့်စာအုပ်ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက် ၈နာရီက မန္တလေးမြို့ အမှတ် ၁၈၇ ၂၉လမ်း ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဆိုင်အသစ်၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါ ဆိုင်သစ်၌ စာအုပ်အမျိုးအစားပေါင်း မြောက်မြားစွာနှင့် ဘာသာရပ်မျိုးစုံစာအုပ်များကို စာဖတ်ပရိသတ်များ တစ်နေရာတည်း၌ အလွယ်တကူ ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး စာအုပ်အမျိုးအစားများကိုလည်း ကဏ္ဍအလိုက် (category)ခွဲပေးထားသည့်အတွက် မိမိလိုအပ်သော စာအုပ်အမျိုးအစားများကို လွယ်လင့်တကူ ရှာဖွေနိုင်မည်ဖြစ်သည်။ စာအုပ်တစ်အုပ်ချင်းစီ၏ ဈေးနှုန်းမှန်ကန်မှု ရှိစေရန် အတွက်လည်း label များ ကပ်ထားပေးသဖြင့် စိတ်ကြိုက် ဆုံးဖြတ် ဝယ်ယူနိုင်မည် ဖြစ်သည်။

ဖွင့်လှစ်

နဂါးစာပေ ဖြန့်ချိရေးလုပ်ငန်းကို ဦးထွန်းရွှေနှင့် ဒေါ်ခင်မာဦးတို့က ဦးဆောင်လုပ်ကိုင်လျက်ရှိပြီး ဖြန့်ချိရေးဆိုင်များကို ဆိုင်အမှတ်(၁)အဖြစ် အမှတ် ၂၉၀(ခ) ၈၃လမ်း ၂၉လမ်းနှင့် လမ်း ၃၀ကြား မန္တလေးမြို့ဖုန်း-၀၂-၃၅၂၆၇၊၀၂-၃၉၈၆၉၊ ဆိုင်အမှတ်(၂) (p.o.s system) အရောင်းဆိုင်အမှတ်၁၈၇ ၂၉လမ်း ၈၃ လမ်းနှင့် ၈၄လမ်းကြား မန္တလေးမြို့နှင့်

ရန်ကုန်ရုံးခန်းအဖြစ် အမှတ်၂၀၄ လမ်း၃၀ (အထက်) မြေညီထပ် ရန်ကုန် ဖုန်း-၀၁-၇၀၈၀၂၀၊ ၀၉-၅၁-၀၂၀၄၂ နှင့် ၀၉-၈၀-၃၃၅၀၁တို့တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေ့ပြောင်းတပ်ဆင်နိုင်သောဆေးရုံများ လွှဲပြောင်းပေးအပ်ပွဲ

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး **H.E.Mr.Bansarn Bunnag**၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr.Robert Chua Hian Kong**၊ **International Organization for Migration (IOM)**မှ **Emergency Response Officer Mr.Teis Piel Christensen** နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၅ရက် နံနက်စနာရီခွဲက ဘိုကလေးမြို့နယ် စက်ဆန်း ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးရာ တာဝန်ခံဆရာဝန်က ရှင်းလင်းပြသသည်။ (အောက်ပုံ)

လက်မှတ်ရေးထိုး

ယင်းနောက် ရွှေ့ပြောင်းတပ်ဆင်နိုင်သော ဆေးရုံလွှဲအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊IOM အဖွဲ့မှ Mr. Teis Piel Christensen နှင့် ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးတို့က ဆေးရုံလွှဲပြောင်းပေးအပ်လွှာတွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက်ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့က စက်ဆန်း ကျေးလက်ကျန်းမာရေးဌာနတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးအား ပေးအပ်ပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က IOM အဖွဲ့အား ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် IOM အဖွဲ့က လှူဒါန်းထားသည့် ရွှေ့ပြောင်းတပ်ဆင်နိုင်သော ဆေးရုံ၊ လူနာကုသခန်းများ၊ သန့်စင်ခန်းနှင့် ဆေးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေ သို့လှောင်ဖြန့်ဖြူးမှုကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နံနက်၁၀နာရီခွဲတွင် ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာ၌ ကျင်းပသည့် ရွှေ့ပြောင်းတပ်ဆင်နိုင်သော ဆေးရုံလွှဲအပ်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ IOM အဖွဲ့မှ Mr. Teis Piel Christensen နှင့် ဖျာပုံမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးတို့က ဆေးရုံလွှဲပြောင်းပေးအပ်လွှာတွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဒေါ်ညိမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးနှင့် ဆေးပစ္စည်းများကို ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးတို့က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးအား ပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီးသည် IOM က လှူဒါန်းထားသည့် ရွှေ့ပြောင်းတပ်ဆင်နိုင်သော ဆေးရုံအတွင်းရှိ လူနာကုသခန်းများ၊ သန့်စင်ခန်း၊ ဆေးပစ္စည်းထားရှိမှုများ၊ မီးစက်၊ လေအေးပေးစက်နှင့် ရေပေးဝေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား နှုတ်ဆက်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ကျုံဒါး ကျေးလက် ကျန်းမာရေးဌာန၌ ကျင်းပသော IOM ကလှူဒါန်းသည့် ရွှေ့ပြောင်းတပ်ဆင်နိုင်သော ဆေးရုံလွှဲအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် IOM ကိုယ်စားလှယ်တို့က ဒေးဒရဲမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးထံ ဆေးရုံကို လွှဲပြောင်းပေးအပ်ကြပြီး ဝန်ကြီးနှင့် IOM အဖွဲ့ ကိုယ်စားလှယ်တို့က ကျုံဒါး ကျန်းမာရေးဌာန၌ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် IOM က လှူဒါန်းသည့် ရွှေ့ပြောင်းတပ်ဆင်နိုင်သော ဆေးရုံကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရည်အသွေးကောင်းမွန်ရေး အလေးထား

အရေအတွက်များများ ထုတ်လုပ်ရောင်းချနိုင်ရေးဆောင်ရွက် ပြည်သူများဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ရည်ရွယ်ထုတ်လုပ်

နေပြည်တော် ဇန်နဝါရီ ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဇန်နဝါရီ ၂၄ရက် မွန်းလွဲပိုင်းက အမှတ်(၂)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)ရှိ မော်တော်ယာဉ် ကိုယ်ထည်တပ်ဆင်ရေး အလုပ်ရုံသို့ရောက်ပြီး မော်တော်ယာဉ် ဘေးတံခါးများ၊ ကြမ်းခင်းများ၊ ရှေ့ခေါင်းပိုင်းနှင့် လူစီးကိုယ်ထည်ပိုင်းများအား Spot Welding Machine များဖြင့် တပ်ဆင်ထုတ်လုပ်နေမှုကို လည်းကောင်း၊ ယာဉ်နောက် ကိုယ်ထည်ပိုင်းနှင့် ဆီတိုင်ကီများ တပ်ဆင်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ မော်တော်ယာဉ် Frame များ တပ်ဆင်ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ Spot Welding တွဲဆက်ရာတွင် ခိုင်ခံ့မှုရှိစေရေး၊ ထုတ်လုပ်မှုအထောက်အကူပစ္စည်းဖြစ်သည့် Welding Jip များ ကြံ့ခိုင်မှုရှိစေရေးနှင့် ဆေးသားကောင်းမွန်ခိုင်ခံ့ပြီး အသွင်အပြင်လှပ၍ တာရှည်ခံစေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ထို့နောက် မော်တော်ယာဉ်တပ်ဆင်ရေး အလုပ်ရုံသို့ရောက်ရှိပြီး Assembly Line ပေါ်၌ မော်တော်ယာဉ်စက်ပစ္စည်း အစိတ်အပိုင်းများ အဆင့်ဆင့်တပ်ဆင် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** ဝန်ကြီးက Double Cab မော်တော်ယာဉ် ထုတ်လုပ်မှုနှင့်ပတ်သက်၍ အရည်အသွေး ကောင်းမွန်ရေးအတွက် Quality Control ပိုင်းကို အလေးထားကြရန်၊ Workmanshipကောင်းမွန်စေရေး၊ အရေအတွက်များများ ထုတ်လုပ်ရောင်းချနိုင်ရေးဆောင်ရွက်ရန်၊ ဒီဇယ်အင်ဂျင်ပြောင်းလဲ တပ်ဆင်ထုတ် လုပ်လျက်ရှိသော Mazda Jeep မော်တော်ယာဉ်များ၏ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေရန်နှင့် အသွင်အပြင် ကောင်းမွန်စေရန် Power Steeringပိုင်း၊ Body ပိုင်း၊Frame ပိုင်းနှင့် Painting ပိုင်းတို့တွင် ပိုမိုအရည်အသွေးကောင်းအောင် ဆောင်ရွက်ရန်၊ ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့်ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ရည်ရွယ်ထုတ်လုပ်သွားရန် မှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း အသစ်ထပ်မံ တည်ဆောက်လျက်ရှိသောPainting Boot တည်ဆောက်မှု လုပ်ငန်းများကို လည်းကောင်း၊ Battery ထုတ်လုပ်မှု အလုပ်ရုံ၌ ဘက်ထရီထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်နှင့် Waste Water Treatment Plant တည်ဆောက်မှုလုပ်ငန်းခွင်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်၌ အန္တရာယ်ကင်းရှင်းရေး၊ ထုတ်လုပ်မှုမှ ဖြစ်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းများကြောင့် ဘေးအန္တရာယ်မဖြစ်စေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေးအထူးဂရုပြုကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် (၃၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲနှင့် ၂၀၀၉ခုနှစ် (၁၁)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတို့ကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဤပြိုင်ပွဲများမှ မြန်မာ့လက်ရွေးစင်အားကစားသမားများ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားတံခွန်စိုက်

(၃၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်မှ မတ် ၂ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၂နာရီတွင် အားကစားသမားများအစည်းအဝေးသို့ မပျက်မကွက်တက်ရောက် စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် အားကစားသမားများမှာ အောင်မျိုးလှိုင် (ပြည်ထဲရေး)၊ ဝင်းဇော်ထွန်း(လယ်/ဆည်)၊ ဇော်ဝင်းလေး(လယ်/ဆည်)၊ ဖြိုးချစ် (ပြည်ထဲရေး)၊ ကျော်ကျော်စိုး(ပို့ဆောင်ရေး)၊ ကျော်လင်းနိုင်(သစ်တောရေးရာ)၊ ဇော်ဦး (ကာကွယ်ရေး)၊ သန်းထိုက်စိုး(လယ်/ဆည်)၊ စည်သူ(လယ်/ဆည်)၊ မောင်မောင်လတ် (ပြည်ထဲရေး)၊ မြင့်ဟန်(ပို့ဆောင်ရေး)၊ နေဝင်းအောင်(ပို့ဆောင်ရေး)၊ ဟန်မင်းစိုး (ကာကွယ်ရေး)၊ မျိုးနိုင်(ပို့ဆောင်ရေး)၊ သစ်ဆန်း(သစ်တောရေးရာ)နှင့် ညီညီလွင် (လယ်/ဆည်)တို့ ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးတံခွန်စိုက်

(၁၁)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၂ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဖေဖော်ဝါရီ ၂၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျေးသီးမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်နှင့် ကက်ဆက်များလှူဒါန်း

ကျေးသီး ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးရွာစာကြည့်တိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ ကက်ဆက်နှင့်စာအုပ်စာစောင်များ စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် မွန်းလွဲ ၂နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုးညွှန့်ရွှေတို့က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ ကျောက်မီးသွေးထုတ်လုပ်ရေးလုပ်ငန်း (ကျေးသီး)မှ စက်ရုံမှူး ဗိုလ်မှူးငိုရသွန်(ငြိမ်း)နှင့် ဒုတိယစက်ရုံမှူး ဗိုလ်မှူးရန်မျိုးအောင်(ငြိမ်း)တို့က ၁၄လက်မတီဗွီတစ်လုံး၊ တပ်နယ်မှူး၏ ဇနီး ဒေါ်ထွေးထွေးအောင်က တပ်နယ်ကိုယ်စား ရေဒီယိုကက်ဆက် နှစ်လုံးနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးဦးစိုးညွှန့်ရွှေက လက်ခံယူသည်။ ထို့နောက် အလှူရှင်များက ဆက်လက်လှူဒါန်းကြရာ တာဝန်ရှိသူ အသီးသီးက လက်ခံယူကြသည်။

အဆိုပါ အခမ်းအနားတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် တီဗွီတစ်လုံး၊ ရေဒီယိုကက်ဆက် ၃၁လုံးနှင့် စာအုပ်စာစောင်ပေါင်း အုပ် ၇၁၀ စုစုပေါင်း တန်ဖိုးငွေကျပ် ခြောက်သိန်းခုနစ်သောင်းကျော် စုပေါင်းလှူဒါန်းကြပြီး ပစ္စည်းနှင့် စာအုပ်စာစောင်များကို မြို့နယ်မှ ကျေးရွာများသို့ ခွဲဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေရတုမော်ကွန်းစာအုပ်ထုတ်ဝေရေး အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၈

မြောက်ဥက္ကလာပမြို့တည် နှစ်(၅၀)ပြည့် ရွှေရတုမော်ကွန်းစာအုပ်ထုတ်ဝေနိုင်ရေးအတွက် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့သို့ ရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက်က စကြာမင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေရတုမော်ကွန်း စာအုပ်ထုတ်ဝေရေး ရန်ပုံငွေအတွက် ဆရာမြင့်(စကြာမင်း)နှင့်ဇနီး ဒေါ်မေမြင့်သူဇာ (စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစု)က ငွေကျပ်တစ်သိန်း၊ မုံရွာ ဆရာမိုး ရှောက်တစ်လုံး ဝမ်းမှန်ဆေး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်မြင့်(ကျော်လူတိုင်းရင်းဆေး)နှင့်ဇနီး ဒေါ်ခင်ရီ (သူနာပြုဆရာမ-ငြိမ်း) (စစတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)က ငွေကျပ်ငါးသောင်းပေးအပ်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ရှိန် (မင်းကြော့ရှိန်)က လက်ခံယူသည်။ **(အပေါ်ပုံ)**

မော်ကွန်းစာအုပ် ဝယ်ယူလိုသူများ အနေဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ရှိန်(မင်းကြော့ရှိန်) ဖုန်း-၆၉၀၀၅၆၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် (တက္ကသိုလ်ဟန်စိန်) ဖုန်း-၀၉-၅၀-၃၃၉၅၁ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(၁၁၈)**

ဆရာ ဆရာမများ မိမိတို့သင်ကြားရသော ဘာသာရပ်များ ကျွမ်းကျင်နေရန် အမြဲလေ့လာ ကလေးများ ကျောင်းနေစဉ်ကတည်းက ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေး လေ့ကျင့်ပေး

✱ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ၂၅ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး နံနက်၉နာရီ ၄၅မိနစ်တွင် ပေါက်တောမြို့နယ်သို့ ရောက်ရှိကြရာ ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပေါက်တောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ **ဆရာ ဆရာမများသည် တပည့်များအား တတ်မြောက်အောင်သင်ကြားပေး၍ မိမိတို့သင်ကြားပြသရသော ဘာသာရပ်များကို ကျွမ်းကျင်နေစေရန် အမြဲတမ်းလေ့လာနေရန်၊ မိမိတို့တပည့်များအား စည်းကမ်းရှိစေရန် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် နိုင်ငံတော်၏ စည်းကမ်းဖြစ်သော တရားဥပဒေများကို လေးစားလိုက်နာရေး သွန်သင်ပေးရန်၊ ကလေးများ ပညာတော်သကဲ့သို့ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တ ကောင်းမွန်အောင် ဆုံးမပေးရန်နှင့် ငယ်စဉ်ကပင် ပြည်ထောင်စုစိတ်ဓာတ် ရင်ဝယ်ကိန်းအောင်နေရေး လေ့ကျင့်ပေးရန် မှာကြားသည်။**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားပြီး စာအုပ်စာစောင်များနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာမောင်မောင်ဝင်းတို့က လက်ခံကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး နံနက် ၁၁နာရီတွင် မြေပုံမြို့နယ်သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသက်နိုင်က ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးတင်ရွှေ၊ မြို့နယ်ဆရာဝန် ဒေါက်တာဒေါ်မြမြသန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းတို့က လက်ခံကြသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြေပုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မင်းပြားမြို့နယ် ရာမောင်ခန်းမ၌ ဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး မွန်းလွဲ ၂နာရီတွင် မင်းပြားမြို့နယ်သို့ ရောက်ရှိကြရာ မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရာမောင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ဒေသဆိုင်ရာ

ရှေးဦးစွာ မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းထွန်းက ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လက်ခံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားပြီး ဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန် ဒေါက်တာသိန်းထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ချမ်းသာတို့က လက်ခံကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ပုဏ္ဏားကျွန်းမြို့နယ်သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးသောင်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပုဏ္ဏားကျွန်းမြို့နယ် မြို့တော်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ သိလိုသည်များကို မေးမြန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူ၊ မြို့နယ်ဆရာဝန် ဒေါက်တာ ကမ်ပိုနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ရွှေနုအေးတို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ စစ်တွေမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ဇီဝဓာတ်ငွေ့

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ၂၆ရက် နံနက်၉နာရီတွင် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာသို့ ရောက်ရှိကာ တောင်သူဦးမောင်မဲ၏နေအိမ်၌ သဘာဝစွန့်ပစ်ပစ္စည်းသုံး၍ ဇီဝဓာတ်ငွေ့ဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **မိသားစုများ ဝင်ငွေတိုးတက်ရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်၍ လုပ်ကိုင်ကြရန်၊ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှ ရရှိသည့် ဇီဝစွမ်းအင်ကို အသုံးပြု၍ ထမင်း၊ ဟင်း ချက်ပြုတ်ရုံသာမက လျှပ်စစ်မီးပါ ထုတ်လုပ်ပေးနိုင်သဖြင့် လူနေမှုအဆင့်မြင့်မားစွာ နေထိုင်နိုင်ရေးကြိုးစားရန်နှင့် ထွက်ရှိလာသော ဇီဝရည်ဖြင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြားသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး နံနက် ၁၁နာရီ ၃၅မိနစ်တွင် ကျောက်တော်မြို့သို့ ရောက်ရှိကြရာ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ကစ္ဆပနဒီတံတားကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုပြီး ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဒေသဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁

● ကျောဖုံးမှ

လောလောဆယ် လက်တွေ့သုတေသနပြုမှုများအရ စွန့်ပစ်အစားအစာ သုံးတန်မှ ထုတ်ယူရရှိသော လျှပ်စစ်ဓာတ်အားပမာဏမှာ နေအိမ် ၂၅လုံးကို ၂၄နာရီ မီးလင်းစေနိုင်ကြောင်း အမေရိကန်နိုင်ငံ ဇီဝဗေဒဆိုင်ရာ သုတေသနအင်ဂျင်နီယာ တစ်ဦးဖြစ်သူ ရှိုင်ဟွန်ကျန်းက ပြောကြားသည်။

စည်ပိုင်းများ

ယခုကဲ့သို့ ဓာတ်အားထုတ်ယူရာတွင် နေအိမ်များ၊ စားသောက်ဆိုင်များ၊ ဟိုတယ် မိုတယ်နှင့် အင်းများမှ နေ့စဉ်စွန့်ပစ်သော အစားအစာများကို သိုလှောင်ထိန်းသိမ်းထားရန် စည်ပိုင်းကြီးများ လိုအပ်ကြောင်း၊ ကြိုတင်ဖြည့်ဆည်းပေးရမည့် အချက်များကို လုပ်ကိုင်ဆောင်ရွက်ရန်သာဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ပိုမိုအသုံးပြု

စွန့်ပစ်အစားအစာမှ လျှပ်စစ်ဓာတ်အား ထုတ်ယူမှုတွင် ယခုထက်ဓာတ်အား ပိုမိုအသုံးပြု၍ရရန် နည်းပညာသစ်များဖြင့် ပေါင်းစပ်အသုံးပြုနိုင်ကြောင်း သိရသည်။

ကိုးကား-အင်တာနက်

■ ကျောဖုံးမှ

ထိုသို့ တစ်ကိုယ်တည်းမနေထိုင်ဘဲ တာဝန်တစ်ခုခုကို နေ့စဉ်နီးပါး ဆောင်ရွက်နေခြင်းသည် အသက်အရွယ်ကြီးရင့်သူများအတွက် နည်းလမ်းမှန်ကန်စွာ နေထိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အထောက်အကူ

လူမှုအဝန်းအဝိုင်းအတွင်း ပါဝင်လှုပ်ရှားခြင်းသည် ဦးနှောက်ဆဲလ်များ ရှင်သန်စေပြီး ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်ကာ ကျန်းမာရေးအတွက် အထောက်အကူပြုစေကြောင်း၊ မိတ်ဆွေများနှင့်တွေ့ဆုံခြင်း၊ လူမှုအဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း သိရသည်။ ။

ပထဝီဝင်မိသားစု အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပထဝီဝင်မိသားစုများ၏ အသက် ၆၀ နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုကန်တော့ပြီး ပျော်ရွှင်စွာပြန်လည်ဆုံတွေ့ရန် ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ အာစရိယပူဇော်ပွဲကိုလည်းကောင်း၊ ညနေ၄နာရီတွင် မိတ်ဆုံညစာစားပွဲကို ရန်ကုန်မြို့ စိမ်းလန်းစိုပြည်(အင်းလျားလမ်း)၌လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်း

အခမ်းအနားသို့ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီများထံ ဆက်သွယ်ရန်နှင့် အလှူငွေများကို နီးစပ်ရာတက္ကသိုလ်၊ ကောလိပ် ပထဝီဝင်ဌာနရှိ ဆရာ၊ ဆရာမများထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

တနိုင်း ဇန်နဝါရီ ၂၈

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း၌ အိမ်သုံးဆားရောင်းချသူ ဈေးသည်များမှ အိုင်အိုဒင်းဓာတ်ပါဝင်သည့်ဆားများ ရောင်းချမှု ရှိမရှိ စစ်ဆေးခြင်းကို အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်း၊ ဒုတိယဦးစီးမှူး ဦးဝင်းတင့်က စစ်ဆေးဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

တက်ဆက်စ်ပြည်နယ်၌ နှင်းမုန်တိုင်းတိုက်ခတ် ခြောက်ဦးသေဆုံး၊ ယာဉ်မတော်တဆမှုဖြစ်ပွား

ဒါလက်စ် ဇန်နဝါရီ ၂၈

အမေရိကန်နိုင်ငံ တက်ဆက်စ် ပြည်နယ်တွင် ဇန်နဝါရီ ၂၈ ရက်က နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်နိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

သေဆုံး

သေဆုံးသူများမှာ တစ်နာရီမိုင်၇၀နှုန်းတိုက်ခတ်သောနှင်းမုန်တိုင်းကြောင့် အမျိုးသားတစ်ဦး မြစ်ကူးတံတားပေါ်မှလွင့်ကျခဲ့ပြီး ကျန်ငါးဦးမှာ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ယာဉ်မတော်တဆဖြစ်ပြီး သေဆုံးခဲ့ကြခြင်းဖြစ်သည်။**(အောက်ပုံ)**

အေးခဲ

ရေခဲတမျှ အေးခဲလှသောလေအေးများကြောင့် ဒါလက်စ်မြို့တွင်လည်း လူသေဆုံးမှုရှိခဲ့ကြောင်း၊ မော်တော်ယာဉ်မတော်တဆမှုလည်း အများအပြားဖြစ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှား နူဆာတန်ဂါရာပြည်နယ်၌ ငလျင်လှုပ်

ဂျကာတာ ဇန်နဝါရီ ၂၈

အင်ဒိုနီးရှားနိုင်ငံ နူဆာတန်ဂါရာပြည်နယ်တွင် ဇန်နဝါရီ ၂၈ရက်က အင်အား ရစ်ချ်တာစကေး ၆ ရှိသော ငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

လှုပ်ခါသွား

ငလျင်ဗဟိုမှာ နူဆာတန်ဂါရာပြည်နယ် ကူပန်မြို့ အရှေ့မြောက်ဘက် ၁၀၁ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၁၀ကီလိုမီတာကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း၊ ကူပန်မြို့၌ နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း ပျက်စီးဆုံးရှုံးမှု သတင်းမရသေးကြောင်း သိရသည်။

လူတိုင်း အနာရောဂါကင်းပြီး အသက်ရှည်စွာ နေထိုင်နိုင်ရေး ကျန်းမာရေးဝန်ထမ်းများ ကျေးလက်များအထိဆင်းပြီး အသိပညာပေး

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဖြူမြို့နယ် ရမ္မာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိ ရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထိန်းသိမ်းကာကွယ် စောင့်ရှောက်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားပြီး ဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ဆရာဝန် ဒေါက်တာစိန်လှိုင်၊ မြို့နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်စိန်တို့က လက်ခံကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရမ်းဗြဲ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး မွန်းလွဲ ၁နာရီတွင် ရမ်းဗြဲမြို့နယ်သို့ ရောက်ရှိကြရာ ဓညဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေမိုးသက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားမှု အခြေအနေ၊

စာမျက်နှာ ၇ မှ

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးဝေစံလှ၊ မြို့နယ်ဆရာဝန် ဒေါက်တာဝင်းမောင်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြသန်းတို့က လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးချုပ်က မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး မဟာမုနိဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်တော်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် မြောက်ဦးမြို့နယ်သို့ ရောက်ရှိကြရာ မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြောက်ဦးဟိုတယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦးက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

လက်ခံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးဦးစံထွန်းကျော်၊ မြို့နယ်ဆရာဝန် ဒေါက်တာရွှေသိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးတို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြောက်ဦးမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် အမ်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၇ရက် နံနက်ရနာရီခွဲတွင် အမ်းမြို့နယ် မြို့တော်ခန်းမသို့ သွားရောက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

စိုက်ပျိုးမှုအခြေအနေ

ရှေးဦးစွာ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ငွေးက ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်အလက်များ၊ မိုးစပါး စိုက်ပျိုးမှုအခြေအနေနှင့် ဒေသဆန်နှင့်ဆီ ဖူလုံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်ထွန်းမြ၊ မြို့နယ်ဆရာဝန် ဒေါက်တာဝင်းစိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေတို့က လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကျောက်ဖြူ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမ်းမြို့မှ နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး နံနက်၁၁နာရီ၂၅မိနစ်တွင် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိကြရာ ဓညဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျောက်ဖြူမြို့နယ် ရမ္မာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဒီရေတောများ အသုံးဝင်ပုံနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အခြေအနေနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားကာ ကျောင်းသုံး ဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးညိုထွန်း၊ ခေတ္တမြို့နယ်ဆရာဝန် ဒေါက်တာစစ်ထွန်းအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အောင်တင်ကြည်တို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် မာန်အောင်မြို့သို့ ရောက်ရှိကြရာ ဓညဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

မာန်အောင်

ယင်းနောက် ဝန်ကြီးချုပ်သည် မာန်အောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဇေယျာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မာန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီလွင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်လှမေစော၊ မြို့နယ်ဆရာဝန် ဒေါက်တာစန်းလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းအောင်တို့က လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မာန်အောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညနေ၄နာရီတွင် တောင်ကုတ်မြို့သို့ ရောက်ရှိကြရာ ဒေသခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးယုခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

29-1 (08).pmd 1 1/29/2009, 1:52 AM

ပြည်ထောင်စုစိတ်ဓာတ် ရင်ဝယ်ကိန်းအောင်းနေရေး ငယ်စဉ်ကပင် လေ့ကျင့်ပေး

ဆရာ ဆရာမများသည် မိမိတို့တပည့်များအား စည်းကမ်းရှိစေရန်၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် နိုင်ငံတော်၏ စည်းကမ်းဖြစ်သော တရားဥပဒေများကို လေးစားလိုက်နာရေး သွန်သင်ပေးရန်၊ ကလေးများ ပညာတော်သကဲ့သို့ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းမွန်အောင် ဆုံးမပေးရန်နှင့် ငယ်စဉ်ကပင် ပြည်ထောင်စုစိတ်ဓာတ် ရင်ဝယ်ကိန်းအောင်းနေရေး လေ့ကျင့်ပေး။

ထို့နောက် ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

စိုက်ပျိုးမွေးမြူရေး

ရှေးဦးစွာ တောင်ကုတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်၊ မြို့နယ်ဆရာဝန် ဒေါက်တာစံလှိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်ရွှေတို့က လက်ခံကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး သံတွဲမြို့အနီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုလေ့လာကြပြီး သံတွဲမြို့သို့ ညနေ၅နာရီခွဲတွင် ရောက်ရှိကြသည်။

သံတွဲ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် သံတွဲခရိုင် သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ ဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ဆရာဝန် ဒေါက်တာခင်ဇော်၊ ခရိုင်ပညာရေးမှူး ဦးဝင်းမောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုအုန်းတို့က လက်ခံကြသည်။

တက်ရောက်

ယင်းနောက် ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းကို အလျားပေ ၅၅၀၀မှ ပေ၇၀၀၀အထိ တိုးချဲ့မည့်အခြေအနေနှင့် သံတွဲလေဆိပ် အဆောက်အအုံကို မွမ်းမံပြင်ဆင်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် သံတွဲမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သံတွဲလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်တွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်သည်ပထဝီအနေအထားအရ လည်းကောင်း၊ ကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ် ၎င်းတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း ယုံမှားသံသယများ ဖြစ်ကာ လူမျိုးစွဲ၊ ဒေသစွဲဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရသည့် အခြေအနေ၊ ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးနေသည့်အခြေအနေ၊ တိုင်းရင်းသားများအချင်းချင်း ကူးလူးဆက်သွယ်နိုင်ရန် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းနှင့် ရန်ကုန်-ကျောက်ဖြူလမ်းများကို အခက်အခဲအမျိုးမျိုးကြားမှ ငွေကြေးပမာဏ များပြားစွာ အကုန်အကျခံ ဖောက်လုပ်ပေးမှုနှင့် အဆိုပါလမ်းများ ရာသီမရွေးသွားလာနိုင်ရေးဆောင်ရွက်နေသည့်အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း မီးရထားလမ်းကို စစ်တွေမှ အမ်းမြို့အထိ ဖောက်လုပ်ပြီး အမ်းမြို့မှတစ်ဆင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ရထားလမ်းနှင့် ဆက်သွယ်ဖောက်လုပ်သွားမည့် အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း လိုအပ်လျက်ရှိသော လျှပ်စစ်မီးရရှိရေးအတွက် သူ့ငွေးချောင်းရေအားလျှပ်စစ်စက်ရုံနှင့် အမ်းချောင်း ရေအားလျှပ်စစ်စက်ရုံတို့ကို တည်ဆောက်ရေးဆောင်ရွက်နေမှုနှင့် စိုင်တင် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပေးရန် စီမံဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းများသည် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင် လုပ်ကိုင်ကြရေးနှင့် ပြည်သူ့အကျိုးကို ကာကွယ်သယ်ပိုးဆောင်ရွက်ရေး၊ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများသည် ကိုယ်တိုင်တတ်ကျွမ်းနေရန် အမြဲဆည်းပူးလေ့လာရေးနှင့် တပည့်များ ပညာတတ်များဖြစ်သကဲ့သို့ ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းမွန်သူများဖြစ်ရေး၊ ကလေးများ ကျောင်းနေစဉ်ကတည်းက ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူရေးကို သင်ကြားလေ့ကျင့်ပေးရေး၊ နိုင်ငံတော်၏ ကျန်းမာရေးရည်မှန်းချက်ဖြစ်သည့် လူတိုင်းအနာရောဂါကင်းစင်ပြီး အသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် ဆေးရုံမှာပင် ဆေးကုသပေးရုံမဟုတ်ဘဲ ကျေးလက်များအထိဆင်းကာ ကျန်းမာရေး အသိပညာပေးရေးနှင့် ရောဂါကာကွယ်ရေး သင်ကြားပေးရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ပြည်သူများလိုက်နာဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ်သည် ရှေးပဝေသဏီကာလများကပင် တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ ပြည်ထောင်စုကြီး၏အကျိုးကို ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်လိုသောစိတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရေးတို့ကို အသေးစိတ်ရှင်းလင်းမှာကြားသည်။

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၂၄ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်အတွင်း တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဌာနအလိုက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်တွေမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အလေးထား

ထို့အတူ ခရီးစဉ်တွင် လိုက်ပါခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇန်နဝါရီ ၂၄ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်းနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်မန်နေဂျာနှင့် ခရိုင်မန်နေဂျာတို့၏ တင်ပြချက်များအပေါ် မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများသည် ဒေသစီးပွားဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ကောင်းဖြစ်စေရေး အလေးထားကြရန် မှာကြားသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာရုံးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ မြန်မာ့စီးပွားရေးဘဏ် ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းနှင့် ပင်စင်ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံရာ ပြည်နယ်အဆင့် တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဝန်ထမ်းအဆင့်အတန်းတိုင်း နိုင်ငံတော်၏ဦးတည်ချက်၊ ရည်မှန်းချက်နှင့် ဌာန၏ရည်မှန်းချက် တာဝန်များကို နားလည်သဘောပေါက်ပြီး လိုက်နာဖြည့်ဆည်းကြရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရေး မှာကြားခဲ့သည်။

ပေါက်တော

အလားတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇန်နဝါရီ၂၄ရက်တွင် စစ်တွေပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းကိုလည်းကောင်း၊ ဇန်နဝါရီ၂၅ရက်တွင် ပေါက်တောမြို့နယ် ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများအား တွေ့ဆုံခြင်းနှင့် မြေပုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

အထက(၃)သဃ်န်းကျွန်း(၁၉၆၉မှ ၁၉၈၇-၈၈)ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အသက်(၆၀) ပြည့်နှင့်အထက်အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လှူဒါန်းငွေပေးအပ်ပွဲကို ဇန်နဝါရီ၂၄ရက် မွန်းလွဲ၁နာရီတွင် အဆိုပါကျောင်း မြည်းီလာခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီနာယက ဗိုလ်မှူးကြီးခိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပူဇော်ပွဲနှင့်စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင်များက လှူဒါန်းငွေများကိုပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။**(အပေါ်ပုံ)**ပထမအကြိမ် စုပေါင်းလှူဒါန်းငွေမှာ ကျပ်သိန်း ၃၀ဖြစ်ပြီး ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ရက် (စနေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အထက(၁)လသာ (စင်ထရယ်) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၉၆၅ ခုနှစ်နောက်ပိုင်း၊ (စင်ထရယ်)အထက(၁)လသာ ၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ၏(၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)လသာ ဗဟိုစံပြခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးပွဲကို ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ကျောင်းဝင်းရှိ(ယခင်-စက်မှုလက်မှု) ယခုအသင်းရုံးခန်း၌ ပြုလုပ်မည်ဖြစ်ရာ စိတ်ဝင်စားသူကျောင်းသားဟောင်းများ တက်ရောက်ပါရန်နှင့် ၁၉၅၅ခုနှစ်မှ ၁၉၈၅ခုနှစ်အတွင်းပညာသင်ပေးခဲ့သော ကျေးဇူးရှင် သက်ပြည့်အငြိမ်းစားယူ ဆရာ/ ဆရာမ ၉၀ ကျော်အား ကန်တော့ရန်အတွက် လှူဒါန်းလိုပါက ကိုစိန်ထွန်းလင်း (ဦးရွှေလင်း-ဒေါ်ကြင်ကြင်၊ အီလက်ထရွန်နစ်) ဖုန်း- ၂၅၀၈၀၄၊ ကိုအောင်ခိုင် (စိုးမိုးကျော်)ဖုန်း-၀၉-၅၀-၆၈၉၆၈၊ဒေါက်တာမြင့်ဦးသွယ်၊ ကိုအောင်ကြည် ဖုန်း-၀၁-၂၄၅၃၀၈၊ ကိုကျော်နိုင်ဦး နိုင်ဂရု(ပ်)၊ ကိုအေးထွန်း (Oriental House)၊ ကိုသိန်းဇံ၊ ကိုခင်မောင်ကြီး၊ ကိုစိုးတင့်၊ ကိုဇော်ဝင်း ဖုန်း-၀၁-၃၈၂၇၉၇တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သံတွဲခရိုင်အသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

သံတွဲခရိုင်အသင်း(ဂွ၊ တောင်ကုတ်၊ သံတွဲ)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၂ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

သက်ကြီးပူဇော် ကန်တော့ခံနိုင်ရန်အတွက် အသက်(၇၆)နှစ်နှင့်အထက်အသင်းဝင်သက်ကြီးများသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆု ရယူနိုင်ရန်အတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများသည် အမှတ်စာရင်းမိတ္တူနှင့် ကျောင်းထောက်ခံချက်ပူးတွဲ၍လည်းကောင်း၊ ဥက္ကဋ္ဌဦးကျော်ရင်ဖုန်း-၃၇၆၈၄၈၊ ၀၉-၅၁-၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ၀၉-၅၁-၂၁၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ၀၉-၅၁-၃၆၄၀၁၊အတွင်းရေးမှူး(၂) ဦးမောင်မောင်သိန်းဖေ ဖုန်း-၀၉-၅၁-၁၂၃၀၇၊ အတွင်းရေးမှူး(၃) ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၊ စာရင်းစစ် ဦးမြင့်ဆွေ ဖုန်း-၅၄၈၉၂နှင့် နီးစပ်ရာအမှုဆောင်များထံ ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းကြပါရန်နှင့် လှူဒါန်းလိုပါက ဆက်သွယ်လှူဒါန်းကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(သတင်းစဉ်)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း

သန်းသန်းနု ကိုးကားတင်ပြသည်

လွိုင်လင်နှင့်နမ့်စန်တွင် အေးမြဲအေးနေ ကချင်ပြည်နယ်၌မိုးကွက်ကျားရွာဖွယ်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

ဇန်နဝါရီ၂၈ရက်က ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ ရာသီဥတု အခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ကချင်ပြည်နယ်၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့်ပူတာအိုမြို့၌ ၄ဒီဂရီစင်တီဂရိတ် တို့ဖြစ်သည်။

မှတ်သားဖွယ်မိုးရေချိန်မှာ ပူတာအိုမြို့၌ ၀ဒသမ၁၂လက်မ ဖြစ်သည်။

တိမ်အသင့်အတင့်

ဇန်နဝါရီ ၂၉ရက်**(ယနေ့)** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ၂၉ရက်**(ယနေ့)**နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၀၉ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (ခ) အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ (ခ) အဆင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ဆုရရှိကြသူများအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်၊ ဘဏ္ဍာရေးမှူး ဦးကြီးမြင့်၊ အမှုဆောင်များဖြစ်သည့် ဦးရွှေသိန်းနှင့် ဒေါက်တာရဲတင့်လွင်တို့က ဆုများချီးမြှင့်ကြသည်။



အနိုင်ရရှိ

ပင်းဝိတ်တန်းတွင် စည်သူ(ကာကွယ်ရေး)က ကျော်ထက်အောင်(ပြည်ထဲရေး)ကို ၃၁-၅မှတ်ဖြင့် လည်းကောင်း၊ လိုက်ဖလိုင်းဝိတ်တန်းတွင် ဇော်ဇော်(ကာကွယ်ရေး)က ကျော်မင်းထွန်း(ပြည်ထဲရေး)ကို ၃၂-၁၅ မှတ်ဖြင့် လည်းကောင်း၊ ဖလိုင်းဝိတ်တန်းတွင် သန်းနိုင်ဦး(ပြည်ထဲရေး)က ဇော်ရှိန်း(တပ်မတော်လေ)ကို ၁၇-၀ မှတ်ဖြင့်လည်းကောင်း၊ ဘင်တန်ဝိတ်တန်းတွင် ငြိမ်းသူစိုး(အားကာသိပ္ပံ၊ မန္တလေး)က ကျော်သူရ(မြန်မာနိုင်ငံရဲတပ်ဖွဲ့) လေးကြိမ် အမှတ်စဉ်ရေတွက်ခြင်းခံရသဖြင့် လည်းကောင်း၊ ဖယ်သာဝိတ်တန်းတွင် ကျော်ကျော်ထက် (မြောက်ဥက္ကလာ)က မြတ်မင်း(ကာကွယ်ရေး)ကို ၆၁-၂ မှတ်ဖြင့် လည်းကောင်း၊ လိုက်ဝိတ်တန်းတွင် ဝင်းကိုဦး(ကာကွယ်ရေး)က ထွန်းလင်းအောင်(ပြည်ထဲရေး)ကို ၁၀-၅မှတ်ဖြင့် လည်းကောင်း၊ လိုက်ဝယ်တာဝိတ်တန်းတွင် ကျော်ဆန်းဦး(ကာကွယ်ရေး)က ဇူလိုင်မောင်မောင်(ပြည်ထဲရေး)ကို ၂၇-၄မှတ်ဖြင့်လည်းကောင်း၊ ဝယ်တာဝိတ်တန်းတွင် မျိုးအောင်ဝင်း (ကာကွယ်ရေး)က ချမ်းငြိမ်းထူး (သုဝဏ္ဏလူငယ်)ကို ၁၇-၁ မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကြမည်

ဇန်နဝါရီ ၂၉ရက် **(ယနေ့)**ညနေ ၃ နာရီမှစတင်၍ (က)အဆင့်ဗိုလ်လုပွဲများဖြစ်သည့် ပင်းဝိတ်တန်းတွင် ထက်ခိုင်(ပြည်ထဲရေး)နှင့် ထက်အောင်(အားကာသိပ္ပံ၊ ရန်ကုန်)၊ လိုက်ဖလိုင်းဝိတ်တန်းတွင် မျိုးလင်းကျော်(ရန်ကုန်တိုင်းစစ်ဌာနချုပ်)နှင့် မောင်ငယ်(ကာကွယ်ရေး)၊ ဖလိုင်းဝိတ်တန်းတွင် ဇော်မင်းနိုင်(ကာကွယ်ရေး)နှင့် ကျော်စွာမြင့်(ပြည်ထဲရေး)၊ ဘင်တန်ဝိတ်တန်းတွင် လင်းချိုဟိန်း (ပြည်ထဲရေး)နှင့် ကျော်ကျော်လတ် (မြို့တော်စည်ပင်)၊ ဖယ်သာဝိတ်တန်းတွင် မျိုးကိုကို(ကာကွယ်ရေး)နှင့် ရန်နောင်စိုး(လယ်/ဆည်)၊ လိုက်ဝိတ်တန်းတွင် ကိုထက်(ရန်ကုန်တိုင်းစစ်ဌာနချုပ်)နှင့် စိုးရာဇာ(မြို့တော်စည်ပင်)၊ လိုက်ဝယ်တာဝိတ်တန်း တွင် မျိုးမင်းလတ်(ကာကွယ်ရေး)နှင့် နိုင်ဝင်းထွဋ်(ပြည်ထဲရေး)၊ ဝယ်တာဝိတ်တန်းတွင် ကျော်ဝဏ္ဏစိုး(ပြည်ထဲရေး)နှင့် မြတ်သိန်းထွန်း(ရန်ကုန်တိုင်းစစ်ဌာနချုပ်)၊ မစ်ဒယ်ဝိတ်တန်းတွင် ဝင်းဌေး(တပ်မတော်ကြည်း)နှင့် ဝင်းအောင်(ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ချမ်းငြိမ်းထူး(သုဝဏ္ဏလူငယ်)၏ ဘယ်လက်သီး မျိုးအောင်ဝင်း(ကာကွယ်ရေး)၏ နားထင်ကို ထိမှန်စဉ်။

(မြန်မာ့အလင်း)

မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် ဈေးကော်မတီတို့ပူးပေါင်း၍ မြို့မနေခြည်ဈေး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင့်လွင်ဦး၊ ဟသ္သာတခရိုင်မီးသတ်ဦးစီးဌာန ဦးစိုးဝင်းနှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးနိုင်တို့က ကြပ်မတ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် စီးပွား/ကူးသန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့နိုင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဟိန်းစိုး

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနဲ့ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ နိုင်ပွဲများရရှိသွားပါတယ်။

အောင်ဆန်းကွင်း

စီးပွား/ကူးသန်း - တစ်ဂိုး

Air Bagan F.C - ဂိုးမရှိ

စီးပွား/ကူးသန်းအသင်းကတော့ ကွင်းလယ် အောင်မျိုးသန့်သွင်းယူတဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ Air Bagan F.C ကို အနိုင်ရသွားပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ အမှတ်ပေးဇယားကိုဦးဆောင်နိုင်ဖို့အတွက် ဒီပွဲကို အနိုင်ရဖို့ မင်းသူ၊ ဇော်လင်းထွန်း၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်းတို့နဲ့ လူစုံထုတ်ပြီး ယှဉ်ပြိုင်သွားခဲ့ပါတယ်။ **Air Bagan F.C** အသင်းကတော့ စီးပွား/ကူးသန်းဆီက အမှတ်ခွဲယူနိုင်ဖို့အတွက် ခံစစ်အသားပေးတဲ့ပုံစံ ၅-၄-၁ ကစားကွက်နဲ့ ကစားပြီးတန်ပြန်တိုက်စစ်နဲ့ ထိုးဖောက်ခဲ့ပါတယ်။

သွင်းယူ

ပထမပိုင်းမှာတော့ Air Bagan F.C အသင်းဟာ ခံစစ်အသားပေး ကစားတာကြောင့် စီးပွား/ကူးသန်းတို့ ပိုဖိနိုင်ခဲ့ပါတယ်။ ဒါပေမယ့် စီးပွား/ကူးသန်းအသင်း အားပြုတိုက်စစ်ဆင်တဲ့ တောင်ပံတွေက ဘောလုံးမထွက်အောင် Air Bagan F.C အသင်းက မလွတ်တမ်းပိတ်ဆို့ထားတာကြောင့် စီးပွား/ကူးသန်း အခွင့်အရေး သိပ်မရခဲ့ပါဘူး၊ ၁၁မိနစ်မှာ မျိုးမင်းထွန်း အပိုင်ကန်ခွင့်ရပေမယ့် ဘေးထွက်သွားလို့ စီးပွား/ကူးသန်းအသင်း နှစ်နာခဲ့ရပါတယ်။ Air Bagan အသင်းဟာ တန်ပြန်တိုက်စစ်နဲ့ ထိုးဖောက်ပေမယ့် စီးပွား/ကူးသန်း နောက်တန်းရဲ့ အမှားတွေကြောင့် ဂိုးရနိုင်တဲ့ အခွင့်အရေး သုံးကြိမ်လောက်ရပေမယ့် နိုင်နိုင်၊ ဒေးဗစ်တန်းနဲ့ တင်ဝင်းအောင်တို့ အသုံးမချနိုင်ခဲ့ပါဘူး၊ စီးပွား/ကူးသန်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပြီးခါနီးမှာ ကွင်းလယ် အောင်မျိုးသန့်က သွင်းယူခဲ့ပါတယ်။

သုဝဏ္ဏကွင်းမှာ ကစားခဲ့တဲ့ ပွဲစဉ်မှာတော့ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

၃၀-၁-၂၀၀၉ရက်

သုဝဏ္ဏကွင်း

ဆက်သွယ်ရေး- ကမ္ဘောဇ

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန်- မြန်မာ့မီးရထား။

(မြန်မာ့အလင်း)

စီးပွား/ကူးသန်းမှ ကျော်ဇင်ဝင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို Air Bagan နောက်ခံလူများနှင့် ဂိုးသမားမျိုးလွင်ဦးတို့ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

တောင်တွင်းကြီးမြို့ ဥက္ကလာပကျေးလက် ကျောက်ချောလမ်းဖွင့်

တောင်တွင်းကြီး ဇန်နဝါရီ ၁၈

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဥက္ကလာပ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ကျေးလက်ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဥက္ကလာပလမ်း ကျေးလက်ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ပေ၂၀၄၀ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကုန်ကျ ငွေကျပ် ၁၁၂၇၃၀၀၀ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လင်းခေးမြို့နယ်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

လင်းခေး ဇန်နဝါရီ ၂၀

လင်းခေးခရိုင် လင်းခေးမြို့နယ် ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၁၀ရက် နံနက် ၇နာရီခွဲက လင်းခေးမြို့ မြို့မအရှေ့ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး စတင်တိုက်ကျွေးပြီး**(ယာပုံ)** ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် တာဝန်ရှိသူများက ကလေးသူငယ်များအား ဆေးတိုက်ကျွေးကြသည်။

တိုက်ကျွေး

ဆက်လက်၍ လင်းခေးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင်နှင့်ဝန်ထမ်းများသည် ကလေးသူငယ်များအား ပိုလီယိုကာကွယ်ဆေး ဆက်လက်တိုက်ကျွေးကြသည်။

အလားတူ ယင်းနေ့တွင် လင်းခေးမြို့နယ်အတွင်း မြို့ပေါ်ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ကျေးရွာများအသီးသီးတွင်လည်း အမျိုးသားကာကွယ်ဆေးတိုက်နေ့ ပထမအကြိမ် အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ပြုလုပ်ကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင်နှင့်ဝန်ထမ်းများက အဆိုပါနေရာများသို့ သွားရောက်လှည့်လည်၍ ဆေးတိုက်ကျွေးမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် သတင်းများ

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့မှ ဈေးအတွင်း မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစောဝေနှင့် ဒုတိယဦးစီးမှူး ဦးမြင့်ဆွေတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့သစ်မြို့ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ညှိနှိုင်းဆွေးနွေး

တမူး ဇန်နဝါရီ ၂၄

တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမနားထန်းသည် ဇန်နဝါရီ ၁၅ရက်မှ၁၇ရက်အထိ မြို့သစ်မြို့ ဦးစီးမှူး ဦးထွန်းမင်းအောင်နှင့် ဝန်ထမ်းများလိုက်ပါလျက် မြို့သစ်မြို့အတွင်းရှိ နယ်စပ်ကျေးရွာများဖြစ်သော နန်းအောင်မှော်၊ အောင်ဇေယျ၊ စေတီ၊ မန်တော်၊ ဖိုင်လင်း၊ သနန်၊ ဗန္ဓုလ၊ တုံးကျော်၊ ကျွန်းပင်သာ၊ မင်းသာကျေးရွာ၁၀ရွာသို့ သွားရောက်ပြီး စာကြည့်တိုက်မှူးများနှင့် ကော်မတီဝင်များ၊ ပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးအတွက် သတ်မှတ်စံ(၅)ရပ်နှင့်အညီဖြစ်ရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်သည်။

ထို့အပြင် ဇန်နဝါရီ ၁၇ရက်တွင် တမူးခရိုင်ပြန်/ဆက်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ခင်နှင့် ရုပ်သံကျွမ်းကျင်-၃ ဦးဇော်ဝင်းတို့သည် တမူးမြို့နယ် ကွန်းတောင်းကျေးရွာအုပ်စုရှိ ကွန်းတောင်း၊ ဆရာစံ၊ ဝက်ရူး၊ သံယောစဉ်၊အုံးစူး၊ သာယာကုန်းကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် စိတ်ပါဝင်စားသူများအား ဆရာစံကျေးရွာ ဘဝမာန်စာကြည့်တိုက်၌ အခြေခံစာကြည့်တိုက် ပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

စဉ့်ကူးမြို့ အထက ပညာရေးစုံညီပွဲ ကျင်းပ

စဉ့်ကူး ဇန်နဝါရီ ၂၃

၂၀၀၈-၂၀၀၉ ပညာသင်နှစ် စဉ့်ကူးမြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်းသားကျောင်းသူကလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သံပြိုင်သီဆို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊မြို့နယ်ပညာရေးမှူးဒေါ်သန်းနွဲ့တို့က အဖွင့်အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦးက ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စုံညီပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦးနှင့် တာဝန်ရှိသူတို့က မြို့နယ်အဆင့်အတန်းအလိုက် ဘက်စုံထူးချွန်ဆုများနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများ အသီးသီးပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ၃ရက်က မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကလေးပြိုင်ပွဲကျင်းပရာ မွေးကင်းစမှ ခြောက်လသား အဆင့်ပြိုင်ပွဲတွင်ပထမဆုရ မမျိုးခိုင်ခိုင်ဇော်အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်မိုးနီနီလွင်ကဆုပေးအပ်ချီးမြှင့်စဉ်။(ခရိုင် ပြန်/ဆက်)

မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ် ယဉ်ထွန်းတောက် စာကြည့်တိုက်ဖွင့်

အုတ်တွင်း ဇန်နဝါရီ ၁၄

အုတ်တွင်းမြို့နယ်ဥယျာဉ်တော်ကျေးရွာ ယဉ်ထွန်းတောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကိုဒီဇင်ဘာ၂၄ရက် နံနက်၇နာရီက ဥယျာဉ်တော်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ ရပ်ကွက်အတွင်းရေးမှူး ဦးစိုးတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လှူဒါန်း

ထို့နောက် စာအုပ်စာစောင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက သုတ၊ ရသစာအုပ်ပေါင်း၅၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာအုပ်စာစောင်အုပ်၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးစိုးကြိုင်က သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၅၀တို့ကိုစာကြည့်တိုက်အတွက်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

သရက်ချောင်းမြို့ မြို့မရပ်ကွက်ဈေးလမ်း ထပ်ပိုးကတ္တရာခင်း

သရက်ချောင်း ဇန်နဝါရီ ၁၉

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသိန်းထူး သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ထပ်ပိုးလွှာကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် မြို့မရပ်ကွက်ဈေးလမ်းကို ဒီဇင်ဘာ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်းတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်
အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလုတိုး

IBTC Open Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ တတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မြင့်သောင်း(Srixon)က သုံးရက်ပေါင်းရိုက်ချက်၂၁၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင်(Srixon)က သုံးရက်ပေါင်း ရိုက်ချက် ၂၂၀ဖြင့် ဒုတိယ၊ စိုးကျော်နိုင်(Srixon)က သုံးရက်ပေါင်း ရိုက်ချက် ၂၂၁ချက်ဖြင့် တတိယ၊ သိန်းဇော်မြင့်(KM Golf Centre)နှင့် ကျော်သီဟ(KM Golf Centre)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၂၆ချက်စီဖြင့် စတုတ္ထ၊ ယဉ်ထွေး (KM Golf Centre)က သုံးရက်ပေါင်း ရိုက်ချက် ၂၂၇ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဦးဆောင်ကစားလျက်ရှိသော မြင့်သောင်း(Srixon)။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ရိုက်ချက်

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုက သုံးရက်ပေါင်းရိုက်ချက် ၂၂၇ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က သုံးရက်ပေါင်းရိုက်ချက်၂၂၉ချက်ဖြင့် ဒုတိယ၊ သူရကျော်က သုံးရက်ပေါင်းရိုက်ချက် ၂၃၁ချက်ဖြင့် တတိယလိုက်နေကြပြီး သက်ဇော်ထွေးက သုံးရက်ပေါင်း ရိုက်ချက် ၂၃၂ချက်ဖြင့် စတုတ္ထလိုက်နေသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd.က အဓိက ကူညီပံ့ပိုးပြီး၊ Co-Sponsor များ ဖြစ်ကြသော KBZ Bank Ltd., Air Bagan Ltd. Hotel Yangon, Ruby Dragon (Jade &Gems) Co.,Ltd. Srixon, MGW Construction Ltd. Myanmar Red Star International Co.,Ltd. KM Golf Centre, ACCEL International Co.,Ltd., (Canon), Alpine Purified Drinking Water, MY Associates Co.,Ltd.(Patronas), ကျားခေါင်းဘိလပ်မြေ၊ Life Line Co.,Ltd.(DH-EA Plus) နှင့် Eden Group Co., Ltd. တို့က ထပ်မံ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်နှင့် အီးမေးလ်သင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်း အမှတ်စဉ် ၁/၂၀၀၉ကို ဖေဖော်ဝါရီ ၁၆ရက်မှစ၍ ရှစ်ရက်ကြာ ဖွင့်လှစ် သင်ကြားမည်ဖြစ်သည်။

သင်တန်းသူအမျိုးသမီး ၃၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဖေဖော်ဝါရီ ၁၃ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ **(အမျိုးသမီးရေးရာ)**

❐ *ကျောဖုံးမှ*

ထို့နောက် ထားဝယ်မြို့နယ် ရွှေမုတ္တီး၊ လှည်းကျောတောဘုရားပွဲ၌ ဒုတိယအကြိမ် တွေ့ဆုံခဲ့ကြရာ တွေ့မရှောင်က ဖိုက်တာ ရန်ကြီးအောင်ကို ကောင်တာဖိုက်တာအဖြစ် ရင်ဆိုင်ထိုးသတ်ရင်း သရေပွဲဖြစ်ခဲ့ပြန်သည်။ ထိုပွဲအပြီးတွင် ၎င်းတို့နှစ်ဦး ထပ်မံတွေ့ဆုံကြခြင်း မရှိတော့ဘဲ ရန်ကြီးအောင်က ပထမတန်းလက်ဝှေ့ကျော်ဟောင်း အယ်ထီးကော်ကို ၂၀၀၇ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲ၌ အမှတ်ဖြင့် အနိုင်ရရှိကာ ရွှေခါးပတ်ချန်ပီယံ ဖြစ်လာခဲ့သည်။

အလဲထိုး

တွေ့မရှောင်ကလည်း ၂၀၀၇ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ လိုက်ဝိတ်တန်းတွင် ကွာတား၊ ဆီမီး၊ ဗိုလ်လုပွဲတို့၌ ပြိုင်ဘက်များကို အလဲထိုးကာ ရွှေခါးပတ်ချန်ပီယံ ဖြစ်လာခဲ့သည်။

တွေ့မရှောင်

တွေ့မရှောင်သည် ရွှေခါးပတ်ချန်ပီယံဖြစ်ပြီးနောက် လက်စွမ်းပိုထက်လာခဲ့ပြီး သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံဝင်းထွန်းကို လေးကြိမ်ယှဉ်ပြိုင် သုံးကြိမ်အနိုင်ယူခဲ့သည့်ပွဲများ၊ ဒေါင်းညိုလေး၊ တာတိုးဝါး၊ ကျော်ငြိမ်း၊ ထွန်းထွန်း၊ အောင်ဇေယျ၊ သူရရဲအောင် အစရှိသည့် လက်ဝှေ့ကျော်များကို အလဲထိုးအနိုင်ယူခဲ့သည့်ပွဲများ၊ ဩစတြေးလျတွင် WBA ချန်ပီယံနှင့် ဥရောပ ကစ်ဘောက်ဆင်ချန်ပီယံဟောင်း ဟန့်ဖ်ဘာဂါကို အနိုင်ယူသည့်ပွဲ၊ မွေထိုင်းလက်ဝှေ့ကျော်ပါဝိနှင့် ဖိချိုချိုင်းတို့ကို အနိုင်ယူသည့်ပွဲများ အပါအဝင် (၁၁)ပွဲဆက်တိုက် အလဲထိုးစံချိန်တင်နိုင်ခဲ့သည်။

ပွဲသိမ်းခဲ့

ထိုပွဲများအားလုံးကို တတိယအချီအတွင်း၌သာ ပွဲသိမ်းခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီ၁ရက်က မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ သောင်ပြင်ကျေးရွာ၌ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ယှဉ်ပြိုင်ရာတွင် ညာဖြောင့်လက်သီး၊ ဘယ်ညာတံတောင်ရိုက်ချက်၊ ညာပတ်ခြေကန်ချက်များဖြင့် တိုက်စစ်ဆင်နိုင်ခဲ့သော်လည်း မာဂုဏ်မြင့်သော ကြယ်လင်းအောင်က သရေပွဲ အရယူသွားနိုင်ခဲ့သည်။

ရန်ကြီးအောင်

ရန်ကြီးအောင်ကလည်း ယခုပွဲမတိုင်မီ ၂၀၀၈ခုနှစ် ဒီဇင်ဘာ၃၁ရက်က နှစ်သစ်ကူးကာလတွင် ကြယ်လင်းအောင်နှင့် သရေကျခဲ့ပြီး ဇန်နဝါရီ ၁၃ရက်က ရေးမြို့နယ် အလျူးတောင်ဘုရားပွဲ၌ ဝဏ္ဏ(ရေး)နှင့် သရေကျခဲ့သည်။ ရန်ကြီးအောင်နှင့် တွေ့မရှောင်တို့ နှစ်ကြိမ် ဆုံတွေ့ခဲ့ကြစဉ်အနေအထားနှင့် ယခုတတိယအကြိမ် တွေ့ဆုံကြမည့် အနေအထားသည် ကာလဒေသသာမက ၎င်းတို့နှစ်ဦး၏ ရပ်တည်မှုအနေအထားပါ ခြားနားမှုရှိနေပြီဟု ဆိုရပေမည်။

အာရုံစိုက်မှု

ယခင်က ၎င်းတို့ပွဲကို ပရိသတ်များ အာရုံစိုက်မှုနည်းပါးခဲ့ပြီး ကိုယ်ပိုင်ပရိသတ်လည်း နည်းကြသေးသည်။ ယခုအခါ ၎င်းတို့နှစ်ဦးစလုံးတွင် ကိုယ်ပိုင်ပရိသတ် အခိုင်အမာရှိထားကြသည့်အပြင် မီဒီယာစုံလင်သော ရန်ကုန်မြို့၌ ဆုံတွေ့ကြရမည် ဖြစ်သည့်အတွက် သိက္ခာကြောင့်လည်းခက်၊ လိပ်ပြာကြောင့်လည်း ရှက်ရမည့်အခြေအနေမျိုးဖြစ်နေသည်။

အတွေ့အကြုံ

သို့ဖြစ်၍ မဆုံဖြစ်ခဲ့ကြသည့် သုံးနှစ်ဝန်းကျင်ကာလအတွင်း ရင့်ကျက်သော ကြိုးဝိုင်း အတွေ့အကြုံများကို အခြေပြု၍ နည်းစနစ်၊ နည်းဗျူဟာ၊ မာဂုဏ်၊ သက်လုံများကို အစွမ်းကုန်ညှစ်ထုတ် ယှဉ်ပြိုင်ကြရပေလိမ့်မည်။

အရပ်၅ပေ၈လက်မရှိသော ရန်ကြီးအောင်က တွေ့မရှောင်ထက် ဝိတ်တန်းတစ်တန်းခြား ပိုကြီး၍ အရပ် လေးလက်မခန့်ပိုမြင့်သော်လည်း လက်တံ(ဘယ်ညာလက်သီးအကွာအဝေး) ၆၂လက်မရှိသော ရန်ကြီးအောင်ထက် တွေ့မရှောင်ကပင် စင်တီမီတာ အနည်းငယ်မျှပိုရှည်သည်ကို တွေ့ရသည်။ ယခုပွဲတွင်လည်း တွေ့မရှောင်က ဖိုက်တာအဖြစ်ရှေ့တိုး တိုက်စစ်ဖွင့်မည်ဖြစ်ပြီး ရန်ကြီးအောင်က ကောင်တာဖိုက်တာ အသွင်ဖြင့် ရင်ဆိုင်ထိုးသတ်ကြလိမ့်မည်ဟု ခန့်မှန်းရသည်။

သမ္မာရင့်

၎င်းပွဲအပြင် ကောင်တာညာလက်သီးပြင်းသူ ဒိန်း(မြန်မာသွေးသစ်)နှင့် ကြိုးဝိုင်းသမ္မာရင့်ပြီး အနီး၊ အဝေး၊ အပူး၊ အခွာ ကြိုက်ရာတိုက်ကွက်ဖော်နိုင်သူ မြားတစ်စင်း(ရက္ခဗျာလ)တို့ပွဲ၊ ပြီးခဲ့သည့် ပဲခူးတိုင်း တောကျွဲအင်းဘုန်းကြီးပျံပွဲ၌ အသာစီးထိုးနေရာမှ သားသား(KLN)၏ ခေါင်းတိုက်ချက်ကြောင့် နဖူးကွဲကာ ရှုံးနိမ့်ခဲ့ရခြင်းအတွက် မကျေပွဲပြန်ဆင်လာသည့် ကျန်စစ်အောင်(မြို့တော်စည်ပင်)နှင့် သားသား(KLN)တို့ပွဲများကလည်း ပရိသတ်ကို အသည်းတဖိုဖို ဖြစ်စေမည်ဖြစ်သည်။

စောသဲမင်း(KLN)နှင့် ဟိန်းထိုက်အောင်(ရန်ကုန်)၊ စောအာကာ(KLN)နှင့် စိန်သံမဏိ (အလင်းရောင်)၊ ဟိန်းညီညီ (မြို့တော်စည်ပင်)နှင့် ရှမ်းသွေးလေး(ဒေါင်းမြန်မာ) တို့၏ ငါးချီစိန်ခေါ်ပွဲများကတော့ သုဝဏ္ဏတွင် သရေကျခဲ့ဖူးသည့်တွဲဆိုင်းများဖြစ်ပေရာ ရိုးရာလက်ဝှေ့ပရိသတ်များ ရိပ်စားမိနေလောက်ပေမည်။

အထူးပွဲများ

လက်ဝှေ့သမားနာမည်မှည့်ရန် ရှားပါး၍ပေလားမသိ၊ နည်းပြဆရာများ ကြံရာမရဖြစ်ကာ ရှေ့မှနာမည်ကျော်လက်ဝှေ့သမားတို့၏ နာမည်ကို ထပ်တူပြုလာဟန်တူသည့် လူငယ်လက်ဝှေ့သမားများဖြစ်သော ဝင်းထွန်း(အလင်းရောင်)နှင့် လုံးချော(ရက္ခဗျာလ)တို့က လေးချီအထူးပွဲယှဉ်ပြိုင်ကြမည်ဟုသိရသည်။ တစ်ချိန်တွင် ဝမ်ချိုင်းကဲ့သို့ နာမည်ကျော်လာနိုင်သည်ဟု ၎င်း၏နည်းပြဆရာ စောညီညီက "ညွှန်း"ထားသော လှစ်လှစ်လေး(သူရဲကောင်း)နှင့် ဝမ်ချွန်း(မိုးသောက်ကြယ်)၊ ပအိုဝ်လေး(အလင်းရောင်)နှင့် စောကရင် (မိုးသောက်ကြယ်)၊ နဂါး(မြန်မာသွေးသစ်)နှင့် စလုကာ (မိုးသောက်ကြယ်) တို့ပွဲများကလည်း လေးချီအထူးပွဲများပင်ဖြစ်သည်။

ရောင်းချနေ

ထိုပွဲများအတွက် ဝင်ကြေးကျပ် ၇၀၀၀နှင့် ၄၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို T&T Group ၃၆ လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၀၉-၆၈-၀၁၂၈၃ နှင့် ၀၉-၅၀-၀၄၇၃၈ တို့၌ ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁)
အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်တွေ့ဆုံပွဲဖိတ်ကြားခြင်း

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၅ခုနှစ် (ဝင်ခွင့်ရရှိသူအားလုံးနှင့် မည်သည့် နှစ်ဝင်ဝင်) ၁၉၈၁ခုနှစ်တွင် အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (စနေနေ့) ညနေ၅နာရီမှ ၉နာရီအထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အနောက် ရွှေဂုံတိုင်လမ်းရှိ M-3 Food Centre တွင် ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းအားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
www.rit 75-81. org

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့နေ
ဒေါက်တာဦးသန်းစိုး-ဒေါ်ခင်သက်ဝေတို့၏သားကြီး

မောင်ပြည့်မောင်မောင်

B.B.A(Q),CAT,ACCA(III) Candidate Audit Assistant
ခေတ္တ Singapore

နှင့်

ရန်ကုန်မြို့နေ ဦးသူရအောင်-ဒေါ်တင်တင်နွဲ့တို့၏
တစ်ဦးတည်းသောသမီး

မဆွေမွန်သူ

B.P.A,D.B.S, CAT, ACCA(II) Candidate Account Assistant
(ARC Marine Pte., Ltd.)
ခေတ္တ Singapore

တို့သည် ၂၅-၁-၂၀၀၉ရက်တွင် ရန်ကုန်မြို့ Sedona Hotel, Dagon ခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ပြည့်မောင်မောင်-မဆွေမွန်သူ။

ကျေးဇူးဆပ်ပါမည်

မဖြူပြာလွင်(ခ)မေရီ ၁၂/ကတတ (ပြု)၀၀၁၀၃၁ ၏ နိုင်ငံကူးလက်မှတ် ၇၉၄၁၅၃ နှင့် မပုံ့ပုံ့လွင်(ခ)ဒေါ်ရသီ ၁၂/ကတတ (ပြု)၀၀၁၀၃၂ ၏ နိုင်ငံကူးလက်မှတ် ၇၉၄၁၅၄ တို့မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၇၀၉၇၄၅။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၇၀၆၃၊ Toyota Dyna BU 64, Truck ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ထွေး ၁၃/မဆတ(နိုင်) ၀၀၁၆၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊မူဆယ်မြို့။**

အထွေထွေ ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စုပေါင်းသုဝဏ္ဏ၊ အမှတ် ၆၉/၁၊ ယင်းမာမြိုင်လမ်းနေ ဒေါက်တာဒေါ်ဦးဦးခင်မှ ဒေါ်နီလာမင်း၁၄/ဟသတ(နိုင်) ၀၁၆၂၆၀ထံ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၁-၄-၂၀၀၈ ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၂၁/၂၀၀၈ဖြင့် လွှဲအပ်ထားခဲ့ပါသည်။ အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာကို ၉-၁-၂၀၀၉ရက်မှစ၍ ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှဲ့လှဲ့ဝင်းဟန် (LL.B)
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၁၆၃)
တိုက် ၉/၁၁၊ အခန်း ၁၀၁ (A)၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၉)ဖြင့် **ဦးနန္ဒ** [MD, **နန္ဒအောင် မိုးကုတ်ဂျမ်း(စ်)လီမိတက်**]အား **သုဓမ္မမဏိဇောတဓရ** ဘွဲ့ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဂေါပကအဖွဲ့
သီရိရာမချန္ဒာရာဘုရားကျောင်း၊
စစ်တန်းရပ်၊ မိုးကုတ်မြို့။

ပျောက်ဆုံးခြင်း

၈ခ/၅၅၇၂၏ ယာဉ်မှတ်ပုံတင်အခွန်ကျေ စာရွက်အစိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း-၅၀၅၄၂၂။

ရဲယိုသီးဝယ်မည်

FAME Pharmaceutical မှ Nonicap (ရဲယိုအားဖြည့်ဆေး) ထုတ်လုပ်ရန်အတွက် ရဲယိုသီးအရင့်များ ရသလောက်ဝယ်ယူလိုပါသည်။ (အမှည့်လွန်အသီးများမဝယ်ပါ။)

အမှတ် ၂၀၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊
လှိုင်သာယာမြို့ ဖုန်း-၆၈၂၁၉၉၊ ၆၈၁၉၀၈၊ ၆၈၅၀၈၃။

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်စည်းဝေးပွဲ၊ ဂုဏ်ပြုပွဲ၊ ချီးမြှင့်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၅ရက် နံနက်၉နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်

အခမ်းအနားတွင် ဥက္ကဋ္ဌ ဗိုလ်မှူးအောင်စိန်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး အသင်းမှထုတ်ဝေသော မဂ္ဂဇင်းနှင့် ပြက္ခဒိန်တို့အတွက် မျက်နှာဖုံးပုံများ၊ အသင်းသာရေး၊ နာရေးအတွက် ငွေကျပ်တစ်သိန်းတို့ကိုကူညီပံ့ပိုးခဲ့သူ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်နေတိုးအား ဂုဏ်ပြုလွှာ ပေးအပ်သည်။

(အပေါ်ယာပုံ)

ဆက်လက်၍ သမိုင်းဘာသာရပ်ဖြင့် Ph.D ဘွဲ့ရရှိသူ မမာမာဝင်းနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူအသင်းဝင်တို့၏ သားသမီးများအား ဆုချီးမြှင့်ပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အတည်ပြုကာ ဥက္ကဋ္ဌဗိုလ်မှူးအောင်စိန်(ငြိမ်း)၊ အတွင်းရေးမှူး ဦးထွန်းရွှေနှင့် ဘဏ္ဍာရေးမှူး ဒေါ်သီသီအောင်တို့ ဦးဆောင်သော အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြသည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာစက်မှုဇုန် အပိုင်း(၅)၌ လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေး ကော်မတီ 10 MVA ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ရက် နံနက် ၉ နာရီက စက်မှုဇုန်အပိုင်း(၅) စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြမောင်က အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျင်စု၊ အတွင်းရေးမှူး ဦးကျော်စိုးထွန်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ပူးပေါင်း

အစည်းအဝေးတွင် စက်မှုဇုန်အပိုင်း(၅)ကိုယ့်အားကိုယ်ကိုးလျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရာတွင် စက်မှုဇုန်အပိုင်း(၅)မှ လုပ်ငန်းရှင်များနှင့်အတူ မွေးမြူရေးဇုန်မှလုပ်ငန်းရှင်များလည်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်သည်။ **(၀၉၇)**

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၆၈)ရှိ ဒေါက်တာ အေးအေးကျော် ၁၂/လမတ(နိုင်) ၀၁၀၁၂၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၄၈၈၃/၂၀၀၂)ဖြင့် လည်းကောင်း၊ မှတ်ပုံတင်စာချုပ် အမှတ်(၇၁၃၃/၂၀၀၅) ဖြင့်လည်းကောင်း မှတ်ပုံတင်ထားပါသည်။ ၎င်းအပြင် ယင်းအမှတ်တံဆိပ်ပါ ဝမ်းချုဆေးရည်သည် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအဖွဲ့၊ ဗဟိုတိုင်းရင်းဆေး ကြီးကြပ်ရေးကော်မတီ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၁၁)အရ ခွင့်ပြုသည့် ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-1110 YR 007229 ဖြင့် တိုင်းရင်းဆေးဝါးဥပဒေအရ မှတ်ပုံတင်ရရှိထားပြီးသော ဆေး ဖြစ်ပါသည်။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်အမှတ် -၄/၂၀၀၇ တဆထလ /တိုး (၁၂၈၃) ဖြင့် ထုတ်လုပ်သည့် အရည်အချင်းကောင်းမွန်သည့် ပစ္စည်းဖြစ်ပါသည်။



အထက်ပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ဝမ်းချုဆေးရည်ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခဲ့ရာ အရည်အသွေးကောင်းမွန်သဖြင့် နာမည်ကျော်ကြား လူကြိုက်များနေသော ပစ္စည်းဖြစ်ပါသည်။ လူအချို့သည် အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် မျက်နှာပြင်ငါးဖက်ပါ ပုံစံစာသားများကို ဆင်တူယိုးမှားပြုလုပ်ကာ အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေလျက် ဝမ်းချုဆေးရည်များ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။ သို့ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ ပြုလုပ်ပြီး ဝမ်းချုဆေးရည်များ ဖြန့်ဖြူး၊ ရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းများကို ကြေညာချက်ပါသည့် ရက်မှစ၍ အပြီးအပြတ် ရပ်ဆိုင်းကြပါရန်နှင့် ဈေးကွက်ထဲတွင် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်ထားသည့် ဝမ်းချုဆေးရည်များကို အမြန်ပြန်သိမ်းကြပါရန် နှိုးဆော်သတိပေးအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ပါလျှင် ပြစ်မှုကြောင်းနှင့် တရားမကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ဒေါက်တာ အေးအေးကျော်က ကျွန်ုပ်အား ညွှန်ကြားထားကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးမြဟန် B.A(Law).,LL.B.,D.B.L.,D.M.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း (၅)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်

ကန့်ဘလူ ဇန်နဝါရီ ၂၈

ကန့်ဘလူမြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်လျက်ရှိရာ အမှတ်(၂) ရပ်ကွက်အတွင်း လေးလက်မ ပီဗွီစီ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမျိုးနိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာ (ဒဂုံတက္ကသိုလ်)

မင်္ဂလာပါ၊ ဒီကနေ့ပို့ချမည့်အကြောင်းအရာကတော့ ၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပြီး အင်္ဂလိပ်စာဘာသာရပ်နှင့် ပတ်သက်သော သိကောင်းစရာများကို ရှင်းလင်းပြောပြသွားမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ရှင်းလင်းပြောပြရာမှာ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံကိုအခြေခံပြီး ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းပုံစံမှာ အဓိကအားဖြင့် မေးခွန်း (၉) ခုပါဝင်ပါတယ်။ မေးခွန်းပုံစံမှာအောက်ပါအတိုင်းဖြစ်ပါတယ်။

No.I. - Reading Comprehension
(A) Write the correct word or words to complete each sentence.
(B) Answer each question in one sentence.

No. II. - Cloze Type
Fill in each numbered blank with a word from the list given.

No. III. - Completion
Write the appropriate words or groups of words to complete the sentences and lines of verse.

No. IV. - Recall Questions
* Give complete answers to these questions.
* Say something about these lines (from your prescribed text).
- What is the title of the unit from which the following sentence is taken? What does the underlined word refer to?
- Who said these words and to whom were they said? What do they mean?
* What do these lines mean?

No. V - Reading Comprehension
Answer these questions. Give complete answers.

No. VI - Punctuate the following.

No. VII. - Stylistic Transformation
(A) Finish each sentence in such a way that it means exactly the same as the sentence that is given.
(B) Paragraph Writing
Using the prompts given, write a very short paragraph on ONE of the following:

No. VIII - Letter Writing

No. IX. - Essay တို့ ဖြစ်ပါတယ်။

<u>Question No. I</u> မှာ မေးခွန်းခွဲနှစ်ခု ပါဝင်ပါတယ်။ No.I (A) မှာ ပေးထားသော စာပိုဒ်ထဲမှာပါသော အချက်အလက်များအရ ကွက်လပ်များကို ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။ ယင်းသို့ ဖြည့်စွက်ရာမှာ Grammatical points များဖြစ်တဲ့ Word Form, Tenses, Singular, Plural, Voices များ စသည်တို့ကို လိုအပ်သလို ပြောင်းလဲဖြည့်စွက်ရမှာ ဖြစ်ပါတယ်။

Look at the following example. Example တစ်ခုကိုကြည့်ကြရအောင်။

<u>e.g. (1)</u>

The Egyptian calendar showed a way of ---------- weeks and months.

ဒီမေးခွန်းကို ဖြေရန်အတွက်ပေးထားတဲ့စာပိုဒ်ကို ကြည့်ရာမှာ အောက်ပါစာကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။

This calendar showed a way to count weeks and months, but it was not scientific.

ပေးထားတဲ့ စာပိုဒ်မှာ "a way to count" ဖြစ်ပါတယ်။ မေးခွန်းမှာတော့ a way of လို့ ပေးထားတဲ့အတွက် "count" ကို တိုက်ရိုက်ကူးလို့ မဖြစ်ပါဘူး၊ အဖြေမှန်ဖြစ်တဲ့ "counting" လို့ပြောင်းပြီးဖြေရမှာဖြစ်ပါတယ်။

နောက် example တစ်ခုကိုကြည့်ကြရအောင်။

<u>e.g. (2)</u>

The four youths did not ---------- what the great teacher meant.

ဒီမေးခွန်းကိုဖြေရန်အတွက် ပေးထားတဲ့ စာပိုဒ်ကို ကြည့်ရာမှာ အောက်ပါစာကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။

Not quite comprehending what the great teacher meant, they looked at each other, but said nothing, and after paying their respects to their professor, set forth on their journey home.

ပေးထားတဲ့ စာပိုဒ်မှာ "comprehending" ဖြစ်ပေမယ့် မေးခွန်းမှာ ကွက်လပ်ရဲ့ရှေ့မှာ "did not" ရှိနေတဲ့အတွက်ကြောင့် Root Verb ဖြစ်တဲ့ "comprehend" လို့ပြောင်းပြီး ဖြည့်ရမှာဖြစ်ပါတယ်။

No.I (B) မှာတော့ **Answer each question in one sentence** လို့ မေးထားတဲ့အတွက် ပေးထားတဲ့ စာပိုဒ်ထဲက သင့်လျော်တဲ့အချက်အလက်များကိုရှာဖွေပြီး ဖြေဆိုရမှာဖြစ်ပါတယ်။

<u>e.g.(1)</u>

Why did the four youths return home?

ဒီမေးခွန်းကို ဖြေရန်အတွက် ပေးထားတဲ့စာပိုဒ်ကို ကြည့်ရာမှာ အောက်ပါစာကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။

After studying for three years they were considered proficient in their respective subjects, and the time came to say good - bye to their professor and return to their respective parents.

ပေးထားတဲ့ စာပိုဒ်ထဲမှ သက်ဆိုင်တဲ့ အချက်က "they were considered proficient in their respective subjects" ဖြစ်ပါတယ်။ မေးခွန်းက "Why" နဲ့ မေးထားတဲ့အတွက် သင့်လျော်တဲ့ Conjunction "because" ကိုသုံးပြီး ယခုလို ဖြေရမှာ ဖြစ်ပါတယ်။

The four youths returned home because they were considered proficient in their respective subjects.

Question No. II ကတော့ Cloze Type ဖြစ်တဲ့အတွက် အထူးအထွေ အခက်အခဲမရှိ ဖြေနိုင်လေ့ရှိကြပါတယ်။ သို့သော် Capital letter နဲ့ ရေးရန်လိုလျှင် Capital letter နဲ့ပဲ ရေးဖို့၊ s, 's စသည်တို့ပါလျှင် မကျန်ခဲ့ဖို့ စသည်တို့ကို ဂရုစိုက်ရပါမယ်။ ဒီမေးခွန်းကိုဖြေရာမှာ Spelling မမှားဖို့လည်း ဂရုစိုက်ရပါမယ်။

Question No. III ကတော့ Prescribed Text ထဲက အချက်အလက်တွေကို မှတ်မိလျှင် ဖြေနိုင်မှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ Completion ဖြစ်ပြီး၊ Prescribed Text ရှိ Unit(14) ခုနှင့် သက်ဆိုင်တဲ့ မေးခွန်း (၅) ခုနှင့် Poem တွေထဲက မေးခွန်း ငါးခု၊ ပေါင်း (၁၀) ခု မေးလေ့ရှိပါတယ်။

ဒီမေးခွန်းများကိုဖြေဆိုရာမှာ ဂရုစိုက်ရမည့် အချက်တွေကတော့ Facts တိကျရပါမယ်။ Grammar လည်းမှန်ရပါမယ်။ ဒီမေးခွန်းကို ဖြေရန်အတွက် နမူနာကြည့်ကြပါစို့။

<u>e.g. (1)</u> Because of advertisements, people can know what products are available on ----- ------.

Ans. the market

ဒီနေရာမှာ "the" မပါလျှင် အမှတ်ပြည့် မရနိုင်ပါဘူး။

<u>e.g. (2)</u> Digital clocks tell the time with a ---------- which appear in a little window.

Ans. set of numerals

ဒီနေရာမှာ "numerals" မှာ "s" မပါလျှင် အမှတ်ပြည့် မရနိုင်ပါဘူး။

<u>e.g. (3)</u> Happy the man, whose wish and care
A few ----------bound,

Ans. paternal acres

ဒီနေရာမှာ "acres" မှာ "s" မပါလျှင် အမှတ်ပြည့် မရနိုင်ပါဘူး။

<u>Question No. IV</u> ကတော့ Prescribed Text ထဲက အချက်အလက်တွေကိုစစ်ဆေးတဲ့ မေးခွန်းများကို မေးထားခြင်းဖြစ်ပါတယ်။ Complete answer ပေးရမည့် မေးခွန်းနှစ်ပုဒ်၊ say something နှစ်ပုဒ်၊ poem မှ pararhrasing ရေးရမှာ တစ်ပုဒ်၊ စုစုပေါင်း ငါးပုဒ်ဖြေရမှာဖြစ်ပါတယ်။ မေးခွန်း နှစ်ပုဒ်အတွက် choice တစ်ပုဒ်စီ ထပ်ဆောင်းပေးထားပါတယ်။

ဒီမေးခွန်းများကိုဖြေဆိုရာမှာ ဂရုစိုက်ရမည့် အချက်တွေကတော့ Facts တိကျရပါမယ်။ Grammar လည်းမှန်ရပါမယ်။ ဒီမေးခွန်းကို ဖြေရန်အတွက် နမူနာ ကြည့်ကြပါစို့။

<u>e.g.(1)</u> What advice did the professor give the four youths?

Ans. The professor advised the four youths that if they had no sense to act suitably to the time and circumstance of a situation, they might have to go hungry.

(OR)

The advice the professor gave the four youths was that if they had no sense to act suitably to the time and circumstance of a situation, they might have to go hungry.

ဒီမေးခွန်းများကို ဖြေဆိုရာမှာ ပြဋ္ဌာန်းစာအုပ်ထဲမှ အချက်အလက်များကို မှတ်မိရုံသာမက၊ Grammatically မှန်မှန်ကန်ကန် ဖြေဆိုတတ်ဖို့လည်း လိုအပ်ပါတယ်။ ယခု ဖြေဆိုရာမှာ မေးခွန်းမှ advice (N) ကို Verb ပုံစံအဖြစ်ပြောင်းပြီး "The professor advised the four youths" လို့ မေးခွန်းကိုကောက်ပြီး ဖြေဆိုထားတာကို သတိပြုမိကြပါလိမ့်မယ်။

နောက်တစ်နည်းကတော့ မေးခွန်းမှာ What advice လို့ မေးထားတဲ့အတွက် "The advice the professor gave the four youths" လို့ မေးခွန်းကိုကောက်ပြီး ဖြေဆိုထားတာကို တွေ့ကြရပါလိမ့်မယ်။ မည်ကဲ့သို့ဖြေဖြေ၊ အဖြေမှန်တဲ့အတွက် အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

အလားတူပဲ say something နှစ်ပုဒ်ကို ဖြေဆိုရန်အတွက်တော့ မေးခွန်းပုံစံမှာ အောက်ပါအတိုင်း မေးလေ့ရှိပါတယ်။

- **What is the title of the unit from which the following sentence is taken? What does the underlined word refer to?**
- **Who said these words and to whom were they said? What do they mean?**

ပထမမေးခွန်းပုံစံကိုဖြေရန်အတွက် ပြဋ္ဌာန်းစာအုပ်ထဲမှ ခေါင်းစဉ် (၁၄) ခုစလုံးကို ပိုင်ပိုင်နိုင်နိုင် မှတ်မိနေဖို့လိုပါတယ်။

ဒုတိယမေးခွန်းပုံစံကို ဖြေရန်အတွက်တော့ မေးထားတဲ့ဝါကျရဲ့ အဓိပ္ပာယ်ကို ပေါ်လွင်ရှင်းလင်းအောင် မိမိစကားနဲ့ Paraphrase လုပ်ပြီး ရေးနိုင်ရမှာဖြစ်ပါတယ်။ နမူနာကြည့်ကြပါစို့။

e.g (1) What is the title of the unit from which the following sentence is taken? What does the underlined word refer to?
The things that were on your mind during the day are still **<u>there</u>** at night.

Ans : The title of the unit from which the given sentence is taken is "SLEEP AND DREAMS" . The underlined word refers to "on your mind".

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

e.g (2) Who said these words and to whom were they said? What do they mean?
"Earrings," she said, "are a form of vanity we can't afford."

Ans : Jenny (Tier Bishop) said these words to her son, Jim (Bishop). They mean that the diamond earrings are useless and too expensive for poor people like them.

No.(5) မှာမေးထားတဲ့ "What do these lines mean?" ကတော့ Poem ကို Paraphrasing လုပ်ပေးရမှာ ဖြစ်ပါတယ်။ နမူနာကြည့်ကြပါစို့။

e.g (3) What do these lines mean?
Till evening shut her deep blue tent
Over my private zoo.

Ans : These lines mean that the poetess watched the clouds until it turned evening and it became too dark for her to see anything in her private zoo.

Question No. V ကတော့ Reading Comprehension ပဲ ဖြစ်ပါတယ်။ Question No.I ရဲ့ ဒုတိယပိုင်းမေးခွန်းလိုပဲ ပုံစံချင်းတူပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက Unit (၁၄) ခုထဲက Passage တစ်ခုပေးထားပြီး မေးခွန်းငါးခုကိုဖြေခိုင်းမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ယခုမေးခွန်းများမှာတော့ အချက်အလက်များများကို မေးမှာဖြစ်ပါတယ်။ မေးခွန်းမှာကို "Answer these questions. Give complete answers." လို့ မေးထားတဲ့အတွက် မေးထားတဲ့ မေးခွန်းအမျိုးမျိုးနှင့်ကိုက်ညီသော အချက်အလက်များကိုရှာဖွေပြီး Facts ရော၊ Grammar ပါမှန်မှန်ကန်ကန်ဖြေတတ်ဖို့ လိုပါတယ်။ နမူနာကြည့်ကြပါစို့။

ပေးထားတဲ့စာပိုဒ်က Unit (12) "TRAVEL IN SOUTH EAST ASIA (1) ထဲက Cambodia ကဆိုပါစို့။

မေးခွန်းက -

Where is the Silver Pagoda and what are used to make its floor?

ဒီမေးခွန်းကို ဖြေဖို့ ပေးထားတဲ့စာပိုဒ်ကို ကြည့်တဲ့အခါမှာ

Located within the Royal Palace compound, the Silver Pagoda is so named because of its floor, which is made up of 5,000 silver tiles.

ဆိုတဲ့စာကြောင်းကိုတွေ့ရမှာဖြစ်ပါတယ်။ မေးခွန်းမှာ Where နှင့် what ဆိုပြီး နှစ်ပိုင်းမေးထားတာတွေ့ရပါလိမ့်မယ်။ ဒါ့ကြောင့် The Silver Pagoda is (located) in the Royal Palace compound and 5,000 silver tiles are used to make its floor လို့ ဖြေရမှာဖြစ်ပါတယ်။ located က ထည့်ဖြေဖြေ၊ မဖြေဖြေရပါတယ်။ ဒီ **Question No.V**မှာ အများအားဖြင့် အချက်(၂) ချက်ပါတဲ့ မေးခွန်းများကိုမေးလေ့ရှိပါတယ်။

Question No.VI ကတော့ Punctuation နှင့်ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းများကိုဖြေဆိုနိုင်ရန်အတွက် Punctuation marks တွေဖြစ်တဲ့ capital letter,comma, question mark, semi colon, colon, full stop, open and close inverted commas, exclamation mark, apostrophe, စသည် တို့ကိုမှန်ကန်စွာ သုံးစွဲတတ်မှု ရှိ-မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းများအပြင် ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ စာကြောင်းများကိုလည်း မေးလေ့ရှိတာမို့ ပြဋ္ဌာန်းစာအုပ်ထဲက ဝါကျများကို အလွတ်ကျက်မှတ်စရာမလိုပါဘူး။ Punctuation marks များကို သူ့နေရာနှင့်သူ မှန်ကန်စွာ သုံးတတ်ရန်အတွက် များများလေ့ကျင့်ထားဖို့လိုပါတယ်။ ဥပမာကြည့်ကြပါစို့-

Punctuate the following.

e.g (1) thu thu said mother can i go along with my friends on the trip to bagan

Ans :

Thu **T**hu said**, " M**other**,** can **I** go along with my friends on the trip to **B**agan**?"** (10)

အဖြေမှာ Punctuation marks (10) ခုပါတာကို တွေ့ရပါလိမ့်မယ်။

e.g.(2) you my mother said are an inquisitive little boy

ဒီစာကြောင်းကတော့ ဖတ်စာအုပ်ထဲက Unit (7) က စာကြောင်းဖြစ်ပါတယ်။

အဖြေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

Ans :

"You**,"** my mother said**, "** are an inquisitive little boy**. "** (8)

Question No.VII (A) မှာတော့ Stylistic Transformation ကို စစ်ဆေးမေးမြန်းထားတာပဲ ဖြစ်ပါတယ်။

ပေးထားတဲ့ စာကြောင်း (၁၀)ကြောင်းကို အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးဖို့ စပေးထားတဲ့ စကားလုံးတွေနဲ့ different sentence structure သုံးပြီး ပြန်ရေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ထဲမှာ ပါရှိပြီးဖြစ်တဲ့ Grammar Exercise ပေးထားတာတွေကို များများလေ့ကျင့်ထားဖို့ လိုပါတယ်။

ဥပမာ ကြည့်ကြရအောင်။ မေးခွန်းကတော့ ဒီလိုမေးထားပါတယ်။

VII (A) Finish each sentence in such a way that it means exactly the same as the sentence that is given.

e.g.

(1) Nyi Lay went to the party. No one invited him.

Without ---.

Ans : Without being invited, Nyi Lay went to the party.

ပေးထားတဲ့မေးခွန်းမှာ "Without" နဲ့ ဖြေရမည့်မေးခွန်းဖြစ်ပါတယ်။ ပထမစာကြောင်းရဲ့ Subject က Nyi Lay ဖြစ်ပြီး ဒုတိယစာကြောင်းရဲ့ Subject က No one ဖြစ်နေပါတယ်။ တစ်နည်းအားဖြင့် Nyi Lay သည် မည်သူမှ မဖိတ်ဘဲ ပါတီကို သွားခဲ့တယ်လို့ ပြန်ရေးရမှာ ဖြစ်ပါတယ်။ Without နဲ့ ပြန်ရေးလျှင် ပုံစံ နှစ်မျိုးရှိပါတယ်။

Without + V ing (or) Without + being + Past Participle တို့ ဖြစ်ပါတယ်။ ဒီစာကြောင်းမှာတော့ Nyi Layသည် မည်သူမှဖိတ်ခြင်းကိုမခံရတဲ့အတွက် Without + being + Past Participle ကိုသုံးပြီး ပြန်ရေးရခြင်း ဖြစ်ပါတယ်။

နောက် ဥပမာတစ်ခု ထပ်ကြည့်ကြပါဦးစို့၊

(2) All the workers in this factory wear masks.

There is no ------------------------------------.

ဒီ မေးခွန်းမှာတော့ "There is no" နဲ့ ဖြေရမည့် မေးခွန်းဖြစ်ပါတယ်။ "There is no " Pattern ကို "Double Negative " လို့လဲ ခေါ်ပါတယ်။ ပေးထားတဲ့ မေးခွန်းကိုကြည့်လျှင် ဒီစက်ရုံက အလုပ်သမားအားလုံး မျက်နှာဖုံးများ ဝတ်ဆင်ထားကြပါတယ်လို့ အဓိပ္ပာယ်ရပါတယ်။ နောက်တစ်နည်းပြောရလျှင် ဒီစက်ရုံမှာ မျက်နှာဖုံးမဝတ်တဲ့ အလုပ်သမားတစ်ယောက်မှ မရှိပါဆိုတဲ့ အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်။

There is no Pattern မှာ

"There is no + N (or) N Phrase + who / that + V (neg) + ------------" ဖြစ်ပါတယ်။

ဒီစာကြောင်းမှာတော့ All the workers အစား There is no worker in this factory ကိုပြောင်းရပါမယ်။

worker သည် လူဖြစ်သောကြောင့် Relative Pronoun who ကို သုံးရပါမယ်။

wear ကို negative ပြောင်းလျှင် " does not wear " ဖြစ်ပါတယ်။

ဒါကြောင့် အဖြေမှန်မှာ

"There is no worker in this factory who does not wear a mask. "လို့ဖြေရမှာဖြစ်ပါတယ်။ ဒီနေရာမှာ There is no နောက်မှာ အမြဲ Singular Nounသာ လိုက်တာကို သတိပြုရမှာ ဖြစ်ပါတယ်။ အကယ်၍ မေးခွန်းမှာ Past tense နဲ့ ပေးထားပါက There was no နဲ့ စရေးရမှာ ဖြစ်ပါတယ်။

Question No.VII (B) မှာတော့ Paragraph Writing ဖြစ်ပါတယ်။ ပေးထားတဲ့ Prompts တွေကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကြိုတင်ပြင်ဆင်ရေးသားပြီး အလွတ်ပြန်ရေးချတာမျိုး မလုပ်ရပါဘူး၊ Prompts ထဲမှာ မပါတာတွေ၊ မလိုတာတွေ ထည့်ပြီး မရေးရပါဘူး။ မေးခွန်းမှာ "Using the prompts given, write a very short paragraph on ONE of the following" လို့ မေးထားတဲ့အတွက် ပေးထားတဲ့ Prompts တွေကို သုံးပြီး ကိုယ်ပိုင်ဝါကျ တည်ဆောက်တတ်မှု ရှိ-မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်တဲ့အတွက် ကိုယ်ပိုင်ဝါကျများ တည်ဆောက်တတ်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ကြိုတင်ပြင်ဆင်ပြီး အလွတ်ကျက်မှတ်ရေးသားတာမျိုး မလုပ်သင့်ပါဘူး။ ပေးထားတဲ့ Prompts တွေထဲမှာ မပါတာတွေ၊ မလိုတာတွေကို ထည့်ပြီးမရေးရပါဘူး။ write a very short paragraph ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။

Question No.VIII မှာတော့ Letter Writing ရေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ Choice သုံးခုပေးထားမှာ ဖြစ်ပါတယ်။ ကြိုက်နှစ်သက်ရာတစ်ခု ရွေးချယ်ပြီးဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ သတိပြုရမည့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ရမှာ ဖြစ်ပါတယ်။ " who is the addresser, who is the addressee , what is the address, what the message is " ဆိုတာကို သေသေချာချာ လေ့လာပြီးမှ စာကိုစရေးပါ။ အလွတ်ကျက်ထားတဲ့ စာတွေကိုချရေးပေးလိုက်တာမျိုး မလုပ်ရပါဘူး၊ ရေးရမည့် အကြောင်းရင်းကိုမသိဘဲ အလွတ်ကျက်ထားတာတွေကို ချရေးတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်း ရမှာဖြစ်ပါတယ်။ Letter Writing ရေးသားရာမှာ ရေးခိုင်းတဲ့ အကြောင်းအရာ (message) က အဓိကဖြစ်ပါတယ်။ message မပါဘဲ Letter ရဲ့ Format ကို ရေးချရုံနဲ့ အမှတ်မရနိုင်ပါဘူး။

Letter ကိုပြီးဆုံးအောင် မရေးခဲ့ရင်လည်း incomplete letter ဖြစ်လို့ အမှတ်မရနိုင်ပါဘူး။

ဥပမာ ကြည့်ကြရအောင် -

You are **Ei Khine**. You live at **No.12, U Ba Han Street, Yangon.** Write a letter to your friend, **May Thazin**, telling her about the new house you have just moved and how much you like it.

ဒီစာကိုရေးဖို့အတွက် ကြည့်တဲ့အခါမှာ

Address - No.12, U Ba Han Street, Yangon
Addresser - Ei Khine
Addressee - May Thazin
Message - (1) about your new house
(2) how much you like it
Tense - Simple Past and Simple Present ရောပြီးသုံးရမှာ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အိမ်ဘယ်တုန်းက ပြောင်းရွှေ့တယ်၊ ဘာ့ကြောင့်ရွှေ့ခဲ့တယ် ဆိုတာတွေကို Simple Past နဲ့ ရေးရမှာဖြစ်ပြီး ၊ အိမ်အသစ်ရဲ့ ဖွဲ့စည်းပုံ၊ တည်နေရာစတာတွေကတော့ သရုပ်ဖော်ရေးသားရမှာဖြစ်လို့ Simple Present နဲ့ ရေးရမှာဖြစ်ပါတယ်။

Question No.IX ကတော့ **Essay Writing** ဖြစ်ပါတယ်။ **Write an essay of three paragraphs on ONE of the following** ဆိုပြီး ခေါင်းစဉ်သုံးခုပေးထားမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်သုံးခုထဲက မိမိအပိုင်နိုင်ဆုံး၊ အရေးနိုင်ဆုံးတစ်ခုကိုရွေးချယ်ပြီး ရေးသားစီကုံးရမှာ ဖြစ်ပါတယ်။ ရွေးချယ်တဲ့ ခေါင်းစဉ်နဲ့ ဆီလျော်တဲ့ အကြောင်းအရာကိုလည်း စီကုံးရေးသားဖို့ လိုပါတယ်။ ခေါင်းစဉ်နဲ့ ရေးသားတဲ့ အကြောင်းအရာ ဆီလျော်မှု၊ တစ်နည်းပြောရလျှင် ကိုက်ညီမှုမရှိလျှင် irrelevant essay ဖြစ်တဲ့အတွက် လုံးဝအမှတ်မရနိုင်ပါဘူး။

Essay ရေးရာမှာ နောက်အရေးကြီးတဲ့အချက်ကတော့ Write an essay of three paragraphs လို့ မေးထားတဲ့အတွက် မိမိရေးတဲ့ Essay မှာ စာပိုဒ်သုံးပိုဒ်ရှိရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဝါကျများကို မှန်မှန်ကန်ကန် ဖွဲ့စည်းရေးသားနိုင်ကြပြီလို့ ယူဆပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေဟာ Eassy နဲ့ Letter များရေးရာမှာ အလွတ်ကျက်ပြီး ဖြေဆိုကြတာကိုတွေ့ရပါတယ်။ အလွတ်ကျက်ပြီး ဖြေဆိုတာထက် မိမိကိုယ်ပိုင်ဟန်နဲ့ ရေးတတ်အောင်လေ့ကျင့်ထားဖို့လိုပါတယ်။

တက္ကသိုလ်ဝင် စာမေးပွဲအဆင့်မှာ Essay နဲ့ Letter တွေ ရေးရာမှာ သိသင့်တဲ့အချက်တွေကတော့

(၁) ဘာသာစကားကျွမ်းကျင်မှု (Language –grammar , spelling etc)
(၂) အချက်အလက်မှန်ကန်ပြည့်စုံမှု (Facts)
(၃) သက်ဆိုင်မှုရှိခြင်း (Relevancy)
(၄) ဖွဲ့စည်းပုံကောင်းခြင်း (Organization)
(၅) တင်ပြပုံကောင်းခြင်း (Presentation)
(၆) စာစီစာကုံး (သို့မဟုတ်) ပေးစာရဲ့ ပုံစံ မှန်ကန်မှု (Format of essay or letter) တို့ဖြစ်ပါတယ်။

ထို့အပြင် Essay ရေးရာမှာ ပေးထားတဲ့ ခေါင်းစဉ်နဲ့ ကိုက်ညီတဲ့ motto တွေ၊ idiomatic expression တွေ၊ proverbs တွေ၊ examples တွေ ၊ stylistic transformation မှာလေ့ကျင့်ထားတဲ့ sentence structure pattern တွေကို မှန်မှန်ကန်ကန် ဝေဝေဆာဆာနဲ့ ထည့်သွင်းရေးသားတတ်တဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုစလုံးကို ကျေကျေညက်ညက် ဖတ်ရှုမှတ်သားပြီး ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများ လေ့ကျင့်ထားဖို့လိုပါတယ်။ ဒါမှသာ တက္ကသိုလ်ဝင်စာမေးပွဲမှာ အင်္ဂလိပ်စာဘာသာရပ်အတွက် အမှတ်ကောင်းကောင်း ရမှာဖြစ်သလို၊ ထူးထူးချွန်ချွန်နဲ့ အောင်မြင်နိုင်မှာလည်း ဖြစ်ပါတယ်။

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် တစ်နှစ်ပတ်လုံး အပတ်တကုတ်ကြိုးစား၊ လေ့လာ၊ ကျက်မှတ်၊ လေ့ကျင့်ခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူများအားလုံး တက္ကသိုလ်ဝင် စာမေးပွဲကြီးမှာ ထူးထူးချွန်ချွန်နဲ့ အောင်ပန်းများဆွတ်ခူးနိုင်ကြပါစေ။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်/လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာ (ဒုတိယ တက္ကသိုလ်) သင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

လူမှုရေးကိစ္စများ နေ့စဉ်ဆောင်ရွက်လျှင် အသက်ကြီးသူများ စိတ်ကျန်းမာရေး အထောက်အကူပြု

အသက်အရွယ် ကြီးရင့်သူများအနေဖြင့် လူမှုဝန်းကျင်ကိစ္စရပ်များ၌ ပါဝင် ဆောင်ရွက်ပေးခြင်းသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုကို အထောက်အကူပြုစေကြောင်း ဆွီဒင် သုတေသနပညာရှင်များ သုတေသနပြုချက်၌ ဖော်ပြထားသည်။



ဝိုင်းဝန်းဆောင်ရွက်

တစ်ကိုယ်တည်း အထီးကျန်စွာ နေထိုင်ခြင်းသည် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိခိုက်စေကြောင်း၊ လူမှုအဝန်းအဝိုင်းအတွင်း ပါဝင်ဆက်ဆံကာ လူမှုရေးကိစ္စများဝိုင်းဝန်းဆောင်ရွက်ပေးခြင်းသည် ကျန်းမာရေး ကောင်းမွန်စေသည့်အချက် တစ်ချက်ဖြစ်ကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

စွန့်ပစ်အစားအစာများမှ ဓာတ်အားထုတ်ယူနိုင်ပြီ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

လျှပ်စစ်စွမ်းအင်ကိုနည်းမျိုးစုံဖြင့် ရယူနိုင်ရေး သုတေသနပြုမှုများ လုပ်ဆောင်လျက်ရှိရာ အမေရိကန် သုတေသနပညာရှင်များက စွန့်ပစ်အစားအစာများမှ လျှပ်စစ်စွမ်းအင်ထုတ်ယူရေးကို ကြိုးစားဆောင်ရွက်လျက် ရှိနေပြီ ဖြစ်သည်။

လျှပ်စစ်ဓာတ်အား

ဇီဝဗေဒဆိုင်ရာ အင်ဂျင်နီယာများအနေဖြင့် လွန်ခဲ့သည့် ၂၀၀၆ ခုနှစ်မှစတင်ကာ သုတေသနပြုခဲ့ရာ စွန့်ပစ်အစားအစာများတွင် ပါရှိသော ဗက်တီးရီးယားများမှ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမှုကို အတည်ပြုနိုင်ခဲ့ပြီ ဖြစ်သည်။

အသုံးမလိုတော့သည့် စွန့်ပစ်အစားအစာများကို ယခုကဲ့သို့ ဓာတ်အားထုတ်ယူမှု ရရှိအောင် ဆောင်ရွက်ရာတွင် စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်နှင့် အင်းများ စသည်တို့၌ စားကြွင်းစားကျန်များ၊ ရောင်းမကုန်သည့် ပိုလျှံသော အစားအစာများကို ရယူကာ ဆောင်ရွက်ခြင်းဖြစ်သည်။

ထပ်မံပေါင်းစပ်

စွန့်ပစ် အစားအစာများတွင် ဗက်တီးရီးယားပိုးများ ပါဝင်လျက်ရှိရာ ၄င်းဗက်တီးရီးယားများပါရှိသော စွန့်ပစ်အစားအစာများကို ကြွပြားသော စည်ကြီးများအတွင်း ထည့်ကာ ဓာတုပစ္စည်းများနှင့် နည်းပညာများလည်း ထပ်မံ ပေါင်းစပ် ထည့်သွင်းပြီး တစ်ဖက်မှ ဓာတ်အားထုတ်ယူခြင်းဖြစ်သည်။

ထိုသို့ စွန့်ပစ်အစားအစာများ ပါဝင်ထည့်သွင်းထားသည့် စည်ကြီးများမှတစ်ဆင့် ဓာတ်ငွေ့ထုတ်ယူရရှိပြီး ဂျင်နရေတာများလည်ပတ်စေကာ လျှပ်စစ်ဓာတ်အား ရယူခြင်းဖြစ်သည်။ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းမှာ လွယ်ကူ ရှင်းလင်းပြီး လူတိုင်း ဆောင်ရွက်နိုင်သည့် ဓာတ်အားထုတ်ယူမှု နည်းလမ်းတစ်ခုလည်း ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

၂၀၀၇ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ပထမတန်းလက်ဝှေ့ကျော် ရန်ကြီးအောင်(မြို့တော်စည်ပင်) တွေ့မရှောင်နှင့် ပထမဆုံးအကြိမ် အင်းစိန်ပွဲ မထိုးသတ်မီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

တတိယမြောက် နောက်မဆုတ်တမ်းယှဉ်ပြိုင်ကြမည့် တွေ့မရှောင်နှင့် ရန်ကြီးအောင်တို့ လက်ဝှေ့ပွဲ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ဇင်လင်းထွန်း(နေပြည်) ◆ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ(MDG Co.,Ltd.)၏ အဓိက ကူညီပံ့ပိုးမှုဖြင့် T&T Group က တာဝန်ယူစီစဉ်သည့် Calsome Challenge Fight II မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဇန်နဝါရီ ၃၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ရာ ၂၀၀၇ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ၂၀၀၇ လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(KLN)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည့် ပွဲကြီးအပါအဝင် ပွဲစဉ်ပေါင်း ၁၀ပွဲ စီစဉ်ထားသည်။

ပထမဆုံး

တွေ့မရှောင်နှင့် ရန်ကြီးအောင်တို့သည် ၂၀၀၅ခုနှစ်က အင်းစိန် ဘောလုံးကွင်း၌ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြစဉ် တွေ့မရှောင်က တိုက်စစ်ကိုဦးဆောင်သော ဖိုက်တာအဖြစ် အနာခံတိုက်စစ်ဖွင့်ကာ ပွဲဖြတ်ရန် ကြိုးစားခဲ့သည်။ တွေ့မရှောင်၏ တိုက်စစ်ကြောင့် တတိယအချီအထိ ရန်ကြီးအောင် ကြိုးတန်းလှည့် ဆုတ်ခွာခံစစ်ဆင်နေခဲ့ရသည်။ စတုတ္ထအချီတွင် အဝင်ရဲသော တွေ့မရှောင်ကို ရန်ကြီးအောင်က တိုင်ပင်ကိုက် ဆို့ဒူး၊ ပင့်ဒူးများဖြင့် ကောင်တာပြန်ပစ်ရာ တွေ့မရှောင် သက်လုံပြိုသွားသည့်အတွက် သရေပွဲဖြစ်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐



၂၀၀၇ လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ၁၁ပွဲဆက်တိုက် အလဲထိုး၊ အကွဲထိုးစံချိန်ရှင် တွေ့မရှောင်(KLN) ရန်ကြီးအောင်နှင့် ပထမဆုံးအကြိမ် အင်းစိန်ပွဲ မထိုးသတ်မီ တွေ့ရစဉ်။ (မြန်မာ့အလင်း)